PICA media PUBLISHING HOUSE

မောင်မင်းစိုး



# လူငယ်နှင့် တွက်ပေါက်

လူငယ်လမ်းညွှန်ဆောင်းပါးများ

## လူငယ်နှင့် အောင်မြင်မှုဆီသို့

လူငယ်တွေဟာ အောင်မြင်ဆီသို့ သွားချင်ခဲ့ကြပါလိမ့်မယ်။ ဒါပေမယ့် အောင်မြင်မှုတွေနဲ့ လက်လွတ်ဆုံးရှုံးနေခဲ့ကြရတွေလည်း ရှိခဲ့ပါလိမ့်မယ်။ လူတိုင်းလည်း အောင်မြင်မှုဆီသို့ လျှောက်ခဲ့ကြတာပါပဲ။ ဒါပေမယ့် တချို့ကျတော့ အောင်မြင်တယ်။ တချို့ကျတော့ ဖြစ်မလာဘူး။ အဲဒါ ဘာကြောင့်လဲဆိုတာလေးတွေကို အနည်းငယ်သုံးသပ်ပြလိုတာကြောင့် ဒီဆောင်းပါးလေးကို ရေးဖြစ်လိုက်ပါတယ်။

မှန်ပါတယ်။ လုပ်ဆောင်ချက်ချင်းတူတာတောင် အချို့မှာ အဆင်ပြေစွာ အောင်မြင်မှုဆီကို လျှောက်လှမ်းနိုင်ခဲ့ပေမယ့် တချို့မှာတော့ နာလန်တောင် မထူနိုင်အောင် အရှုံးတွေနဲ့ ရင်ဆိုင်ရတတ်ပါတယ်။ အမှန်က တော့ ကံတရားနဲ့ ဆိုင်ပါတယ်။ ဒီတော့ ကံဆိုတာ ဘာလဲ။ 'ကံ' ဆိုတာ ပါဠိလို 'ကမ္မ' ဆိုတဲ့စကားကနေ ဆင်းသက်လာတာပါ။ 'ကမ္မ'ဆိုတာ အလုပ်ပါဘဲ။ ဆိုတော့ ကိုယ်လုပ်တဲ့လုပ်ရပ် နဲ့ဆိုင်ပါတယ်။ ဒါကြောင့် ဒီလိုအောင်မြင်မှုတွေဟာ တစ်ယောက်နဲ့တစ်ယောက်မတူညီဘဲ ကွာသွားခြင်းဖြစ်ပါတယ်။

နောက် အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင်တော့ ယုံကြည်မှုကို တည်ဆောက်နိုင်ရပါလိမ့်မယ်။ ယုံကြည်မှုဆိုတာ စိတ်ဓာတ်ကို ခွန်အားဖြစ်စေတဲ့ အစာပါပဲ။ ဒါကြောင့် ယုံကြည်မှုနဲ့ လုပ်ငန်းကို အကောင်အထည်ဖော်ဖို့တော့ လိုအပ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတာမျိုး ဖြစ်ပါ့မလားဆိုတဲ့ မတင်မကျမျိုးနဲ့ ဆိုရင်တော့ အောင်မြင်မှုဟာ သီသီလေးနဲ့ လွဲနေဦးမှာပါ။ ဒါနဲ့ပတ်သတ်ပြီးတော့ ဖတ်ဖူးတာလေးကို အနည်းငယ် တန်ဆာဆင်ပြီး ပြန်လည်ပြီးတော့ ပြောပြချင်ပါတယ်။

တစ်ခါက အညာတစ်ခွင်မှာ မိုးခေါင်ရေရှားဖြစ်တယ်။ ဒါကြောင့် ရွာသားတွေအားလုံးဟာ မိုးရွာစေဖို့နည်းမျိုးစုံလုပ်ကြတယ်။ ပရိတ်ရွတ်တာတို့၊ လွန်ဆွဲတာတို့ စသဖြင့် မိုးရွာဖို့ ဆုတောင်းပွဲကြီး အကြီးအကျယ်လုပ်ခဲ့ကြတယ်။ လူပေါင်းစုံပါပဲ၊ အဲဒီ ထဲမှာ အသက်၁၃ နှစ်အရွယ် ကလေးတစ်ယောက်ဟာ သူများနဲ့မတူဘူး ပေါ့။။ သူ့လက်ထဲ ထီးတစ်လက်ဆောင်လာခဲ့တယ်။ ဘာဖြစ်လို့ထီးကို ဆောင်ယူခဲ့တာလဲဆိုတော့ မိုးရွာလာရင်ဆောင်းဖို့လို့ ဆိုပါတယ်။

အဲဒါဟာ ယုံကြည်မှုပါပဲ။ ဘာအလုပ်ပဲဖြစ်ဖြစ် အောင်မြင်ချင်ရင်တော့ ယုံကြည်မှုကို ဦးစွာတည်ဆောက် ဖို့လိုအပ်ပါတယ်။ ယုံကြည်မှုဟာ စိတ်ခွန်အားကို ဖြစ်စေပါတယ်။ ဒါကြောင့် ခုနက ကလေးတစ်ယောက်လို ရွာကိုရွာရမယ်လို့ ယုံကြည်မှုမျိုးအထိ တည်ဆောက်နိုင်မယ်ဆိုရင် အောင်မြင်မှုဟာ အတော်လေးကို နီးစပ်သွားပါလိမ့်မယ်။

နောက်တစ်ချက် ယုံကြည်တာထက် ပိုပြီးတော့ ယုံကြည်ရမယ်။ ဒါကတော့ လုံးဝကို ယုံကြည်ရမယ်ပေါ့၊ မုချအနေနဲ့ကို ယုံကြည်ရပါလိမ့်မယ်။ ဒါနဲ့ပတ်သတ်ပြီးတော့လည်း အကြောင်းအရာလေးကို ပြန်လည်ပြီးတော့ မျှဝေပေးလိုက်ချင်ပါတယ်။

တစ်ခါက ဖခင်တစ်ယောက်ဟာ လက်ထဲမှာရှိတဲ့ သူ့သားလေးကို မိုးပေါ်ကို အတန်ငယ် ပစ်မြှောက်လိုက်ပါတယ်။ ဒါပေမယ့် ကလေးငယ်ဟာ အဲဒီ လို ပစ်မြှောက်တာကို နည်းနည်းမှ ထိတ်လန့်မှု မဖြစ်ဘူး။ ပျော်တောင် ပျော်နေခဲ့တယ်။ ဘာဖြစ်လို့ မိုးပေါ်ပစ်မြှောက်တာကို မထိတ်လန့်ဘဲ ပျော်နေရတာ လဲဆိုရင် တကယ်လို့ အောက်ကို ပြန်ပြုတ်ကျလာရင် သူ့အဖေက မိအောင်ဖမ်းမယ်ဆိုတာ သိလို့ပါပဲ။ အဲဒီ အချိန်မှာ ဖြစ်ပေါ်နေတဲ့ကလေးငယ်ရဲ့ ယုံကြည်မှုကျတော့ သာမန်ယုံကြည်မှုမျိုးမဟုတ်တော့ဘူး။ လုံးဝ မုချကို ယုံကြည်တဲ့ ယုံကြည်မှုမျိုးပဲပေါ့။

အဲဒီ လိုပါပဲ အလုပ်တိုင်းမှာ အောင်မြင်ချင်ရင်တော့

ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့။ မဖြစ်ဘူးဆိုတာ မရှိဘူးဆိုပြီး စိတ်ကို အစွမ်းကုန်မြှင့်တင်ပြီးတော့ မုချယုံကြည်မှုနဲ့ အောင်မြင်မှုဆီကို ရောက်အောင်လှမ်းနိုင်ဖို့ လိုပါတယ်။ ဒီလိုဆိုရင်တော့ တစ်ဝက်ကျော်ကျော်လောက်ဟာ သေချာသလောက်ဖြစ်သွားပါပြီ။ ဒါကြောင့် ခုနက အထက်ပေါ်ကို ပစ်မြှောက်ခံရတဲ့ ကလေးငယ်မျိုးရဲ့ ယုံကြည်မျိုးဖြစ်တဲ့ လုံးဝယုံကြည်မှုမျိုးကိုလည်း တည်ဆောက်နိုင်ဖို့ လိုအပ်ပါတယ်။

ဒီလိုယုံကြည်မှုတွေဟာ မျှော်လင့်ချက်နဲ့ တည်ဆောက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် မျှော်လင့်ချက်ကင်းမဲ့နေလို့လည်း မဖြစ်ဘူးပေါ့။ မျှော်လင့်ချက်ဆိုတာမျိုးလည်း လိုအပ်တယ်။ မျှော်လင့်ချက်မရှိဘဲ ယုံကြည်နေတာမျိုးဆိုတာကလည်း မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကိုယ်မျှော်လင့်ထားတဲ့အတိုင်း အောင်မြင်မှုဆီကို သွားတဲ့အခါ ယုံကြည်မှုတွေ ယှဉ်တွဲပြီးတော့ လျှောက်ဖို့ပေါ့။ မျှော်လင့်ချက်နဲ့ ပတ်သတ်ရင် -

လူတိုင်းဟာ ညတိုင်း မဖြစ်မနေ အိပ်ရာဝင်ကြရတယ်။ ဒီလို အိပ်တဲ့အခါ မနက်ဖြန်အတွက် လုပ်စရာတွေ ရှိနေသေးတော့ အိပ်ရာထဖို့အတွက် နှိုးစက်လေးတွေ ချထားပြီး အိပ်ကြတယ်။ ဒါပေမယ့် လူ့ဘဝရဲ့ သက်တမ်းဆိုတာ နေ့မြင် ညပျောက်ဆိုတဲ့အတိုင်း ဘာမှ မှန်းဆလို့မှ မဖြစ်တာ။ အဲဒီ လို မသေချာမှန်း သိပေမယ့် မနက်ဖြန်ထဖို့ဆိုပြီးတော့ နာရီလေးကို နှိုးစက်ပေးထားခဲ့ကြတယ်။ ဘာဖြစ်လို့ပေးထားခဲ့တာလဲဆိုတော့ မနက်ဖြန် စောစော ထကိုထရမယ်ဆိုတဲ့ မျှော်လင့်ချက်လေးကြောင့်ပါပဲ။

အဲဒီ လိုပဲ မဖြစ်နိူင်ဘူးဆိုတာဟာ ရှိကောင်းရှိပါတယ်။ ဒါပေမယ့် အဲဒါကို မေ့ထားပါ။ မေ့ပစ်ပါ။ မနက်ဖြန်များစွာအတွက် ရှင်သန်ဖို့အတွက် ရင်ဆိုင်ဖို့ အောင်မြင်ဖို့ဆိုတဲ့ မျှော်လင့်ချက်ကို ထားပြီးတော့ ကိုယ်သွားရမယ့် လမ်းကြောင်းပေါ်ကို တန်းတန်းမတ်မတ်လျှောက်သွားနိုင်ဖို့ လိုအပ်ပါတယ်။

အထက်ကပြောခဲ့တဲ့ ကမ္မ ဆိုတဲ့ စကားလုံးလေးကို ပြန်လည်ပြီးတော့

ပြောဖို့လိုအပ်ပါလိမ့်မယ်။ အလုပ်ကောင်းဖို့ပါပဲ။ အလုပ်တိုင်းမှာ စေတနာလေးပါတယ်။ အဲဒီ စေတနာလေးဟာ ကောင်းတာလုပ်ရင် ကောင်းတဲ့စေတနာအဖြစ် သက်ရောက်မှုဖြစ်ပါတယ်။ ဒီတော့ ကောင်းတာလုပ်ရင် ကောင်းတာစံရမယ်။ မကောင်းတာလုပ်ရင် မကောင်းတဲ့ သက်ရောက်မှုဖြစ်ပေါ်လာပါလိမ့်မယ်။ ဒါကြောင့် စေတနာကောင်းတွေနဲ့ လုပ်ဖို့ဟာလည်း အောင်မြင်မှုရဲ့ အဓိကသော့ချက်ပါပဲ။ ကောင်းတာလုပ်ဖို့အတွက်ဆိုရင်တော့ စောတယ်လို့ မထင်ပါနဲ့။ ဘယ်နေရာဖြစ်ဖြစ် ဘယ်အချိန်ဖြစ်ဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ လူငယ်တစ်ယောက်ကို ပြောခဲ့ဖူးတာလေးရှိတယ်။ အဲဒီ ထဲက ပြန်လည်ပြီးတော့ ကောက်နုတ်လိုပါတယ်။

ကောင်းတာလုပ်တဲ့နေ့ဟာ ရက်ရာဇာပါပဲ။ ဒီတော့ ကိုယ့်အတွက် ကုသိုလ်ပဲဖြစ်ဖြစ်၊ ပညာပဲဖြစ်ဖြစ်၊ ဥစ္စာပဲဖြစ်ဖြစ်၊ ရအောင်အားထုတ်တဲ့နေ့ဟာ ရက်ကောင်းလို့ ဆိုရမှာပေ့ါ။ အဲဒီ လိုပြုလုပ်ဖို့အတွက် အားထုတ်တဲ့နေရာမှာ အဓိပတိလေးပါးထပ်ပြီးတော့ လုပ်မယ်ဆိုရင် နောက်ဆုံးကုန်အောင်ပြောရရင် ဘုရားတောင် ဖြစ်နိုင်ပါသေးတယ်ဆိုတာပါပဲ။... လို့ အွန်လိုင်းပေါ်က လူငယ်တစ်ယောက်ကို ပြောပြဖြစ်ပါတယ်။ နောက် ဆက်ပြောဖြစ်တာကတော့ -

အဓိပတိလေးပါးကို ဘာအတွက်ပဲဖြစ်ဖြစ် ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ချမ်းသာရေးစတဲ့ ဘာအရေးတွက်ပဲဖြစ်ဖြစ် ခေါင်တပ်လုပ်မယ်ဆိုရင် အောင်မြင်မှုဟာ တဟုန်ထိုးဆိုသလို ဖြစ်ပေါ်လာလိမ့်မယ်လို့ ဆိုချင်ပါတယ်။ အဲဒီ လေးပါးကတော့-

၁။ ပြုလုပ်ချင်တဲ့ ဆန္ဒရှိရမယ်။

၂။တကယ်ဖြစ်အောင်လုပ်ချင်တဲ့ စိတ်ရှိရမယ်။

၃။ အဲဒီ လို စိတ်ဆန္ဒရှိပြီးဆိုရင်၊ ဆန္ဒလေးနဲ့ ရပ်မနေဘဲ ကြိုးစားမှု၊

အားထုတ်မှုရှိတဲ့ ဇွဲလုံ့လ ရှိရမယ်။

၄။နောက် အလုပ်တစ်ခုကို ချင့်ချိန်စဥ်းစားနိုင်တဲ့ ဉာဏ်ပညာရှိရမယ်။

အဲဒီ အင်္ဂါလေးရပ်နဲ့လုပ်မယ်ဆိုရင်
ဘုရားတောင်ဖြစ်နိုင်သေးတယ်ဆိုရင်တော့ လောကီစီးပွားရေး ပညာရေးဟာ ပြောနေစရာတောင် မလိုတော့ပါဘူး။ အဲဒီ လို ကြိုးစားမယ်ဆိုရင် ဘယ်လိုသူများပဲဖြစ်ဖြစ် နောက်ဆုံး ဘယ်နတ်ဒေဝါကပဲဖြစ်ဖြစ် လာတားလို့တောင်မရအောင် အောင်မြင်မှုဟာ ကိုယ့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါလိမ့်မယ်။

ဒီတော့ လူငယ်တိုင်းဟာ အောင်မြင်ချင်တဲ့ စိတ်ဆန္ဒရှိနေတယ်ဆိုရင် ယုံကြည်မှုကို တည်ဆောက်ပါ။ မျှော်လင့်ချက်ထားပါ။ ကိုယ်သွားချင်တဲ့လမ်းကြောင်းကို ရဲရဲဝံ့ဝံ့လျှောက်ပါ။ ရောက်ပါလိမ့်မယ်။ အခက်အခဲတစ်ခုမဟုတ်တော့ တစ်ခုတော့ တွေ့နိုင်ပါတယ်။ အဲဒါကို ကျော်လွှားဖို့ဆိုရင် အရေးကြီးဆုံးတော့ စိတ်ဓာတ်မကျခြင်းပါပဲ။ အက်ဒီဆင်ရဲ့ နည်းဗျူဟာအတိုင်းပါပဲ တစ်ခါမအောင်မြင်ရင် နောက်တစ်ခါ မလျှော့တဲ့ဇွဲနဲ့ ဆက်လျှောက်ပါလို့ တိုက်တွန်းပါရစေ။ ။

**မောင်မင်းစိုး**

Vol.1,No.17,2014// THE MYANMAR REVIEW JOURNAL

*

# လူငယ်နဲ့ လမ်း

လမ်းနဲ့ပတ်သက်ပြီးတော့ ကောင်းတဲ့လမ်း၊ မကောင်းတဲ့လမ်း ဆိုပြီး နှစ်မျိုးကို ပြောပြချင်ပါတယ်။ ဒါကိုပဲ လမ်းမှားနဲ့လမ်းမှန်ဆိုပြီးတော့ သုံးစွဲကြပါတယ်။ ဒါကြောင့် ဘယ်လမ်းက လမ်းမှားဖြစ်ပြီး ဘယ်လမ်းကတော့ လမ်းမှန်ဖြစ်တယ်ဆိုတာကို ပြောပြချင်ပါတယ်။ လမ်းတွေကတော့ အများကြီးပဲ ရှိနေခဲ့ပါတယ်။ အဲဒီ လို များပြားလှတဲ့လမ်းတွေပေါ်ကို လျှောက်သွားနေခဲ့ကြတဲ့ လူငယ်တွေအနေနဲ့ လမ်းရဲ့သယ်ဆောင်ရာကိုလိုက်သွားမလား၊ သို့မဟုတ် ကိုယ့်ကပဲ လမ်းကိုဖောက်ပြီးတော့ လမ်းကိုဆက်သယ်ဆောင်သွားမလားဆိုတာပါပဲ။

လမ်းဆိုတာကတော့ ဘယ်လိုပန်းတိုင်ဆီသို့ ဦးတည်ပြီးသွားနေခဲ့သည်ဖြစ်ပါစေ သွားရောက်ရမယ့် လမ်းတွေကတော့ တစ်လမ်းမဟုတ်တစ်လမ်း ရှိနေခဲ့ပါလိမ့်မယ်။ ဒီတော့ လမ်းပေါ်ဖြတ်လျှောက်နေရင်း လမ်းပျောက်နေခဲ့သူတွေအနေနဲ့ဒါကို သိရပါလိမ့်မယ်။ တကယ်လို့ လမ်းပျောက်နေရင် ပန်းတိုင်နဲ့လည်း ဝေးကွာနေမှာဖြစ်ပါတယ်။ ဒါကြောင့် လမ်းကြောင်းပေါ်ကို ဖြတ်လျှောက်သွားပြီးတဲ့နောက်မှာ လမ်းမပျောက်အောင် သတိထားပြီးတော့ ကိုယ်သွားမယ့်လမ်းလေးကို အသုံးပြုပြီး ပန်းတိုင်ဆီကို တန်းတန်းမတ်မတ် ဦးတည်သွားနိုင်ဖို့ လိုအပ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့လမ်းကတော့ မဇ္ဈိမပဋိပဒါလို့ ဆိုတဲ့ အလယ်အလတ်လမ်းပဲ ဖြစ်ပါတယ်။ နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကိုရောက်ဖို့အတွက် မဂ္ဂင် (၈)ပါးဆိုတဲ့ လမ်းကြောင်းနဲ့ လျှောက်ဖို့ တိုက်တွန်းထားပါတယ်။ အဲဒီ လို

သွားရောက်တဲ့နေရာမှာလည်း ဗုဒ္ဓကတော့ လမ်းညွှန်သူအဖြစ်မှသာ ရှိနေခဲ့ပါတယ်။ ကိုယ်လျှောက်မှ ကိုယ်ရောက်မှာဖြစ်တဲ့အတွက် ကိုယ်တိုင်လျှောက်လမ်းဖို့ပဲ တိုက်တွန်းတော်မူပါတယ်။ ဒီနည်းအတိုင်းပါပဲ။ လူငယ်တွေလည်း လောကီကြီးပွား၊ ပညာရေး၊ ကျန်းမာရေး စတဲ့ ပန်းတိုင်တွေအတွက် တန်းတန်းမတ်မတ် ရောက်ချင်တယ်ဆိုရင်တော့ လမ်းကြောင်းတွေကို ညွှန်ပြခဲ့တာတွေ လမ်းပြခဲ့တာတွေ အများကြီးရှိနေခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ်ရောက်ချင်တဲ့ပန်းတိုင်ဆီကို ရောက်ဖို့ကတော့ ကိုယ်တိုင်သွားဖို့ အရေးကြီးပါတယ်။

အဲဒီ လို လျှောက်တဲ့အခါမှာတော့ ပြည့်နေရမယ့် အင်္ဂါရပ်တွေလည်း ရှိပါတယ်။ အဲဒီ လို အင်္ဂါရပ်တွေနဲ့ ပြည့်စုံမှသာ ရောက်ချင်တဲ့နေရာကိုရောက်မှာ ဖြစ်ပါတယ်။ ဒီတော့ ကိုယ့်ကိုကိုယ် ထိန်းကြောင်းခြင်းရှိရပါမယ်။ ကိုယ့်ကိုကိုယ် မထိန်းကြောင်းနိုင်ရင်တော့ ဘယ်ကိုမှရောက်မှာ မဟုတ်ပါဘူး။ ကိုယ့်အားကို ကိုးပြီးတော့ ကိုယ်သွားရောက်မယ့်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရပါမယ်။

အထူးသဖြင့်ကတော့ စိတ်စေတနာကောင်းဖို့ဟာ အရမ်းအရေးကြီးပါတယ်။ နှလုံးသွင်းကောင်းခြင်းလို့လည်းဆိုရမယ် ထင်ပါတယ်။ ဘာအလုပ်ကိုပဲဖြစ်ဖြစ် စေတနာပါပါနဲ့ လုပ်ဖို့ပါပဲ။ ဒီလိုလုပ်တဲ့အခါမှာ ပတ်ဝန်းကျင်ရဲ့ရိုက်ခတ်မှု ဒဏ်ရာဒဏ်ချက်တွေနဲ့ တစ်ခုမဟုတ်တစ်ခု ထိခိုက်ခံရပါလိမ့်မယ်။ ကိုယ်ဖြစ်ချင်တာလည်း ဖြစ်ချင်မှ ဖြစ်ပါလိမ့်မယ်။ ကိုယ်မဖြစ်ချင်တာလည်း ဝင်ရောက်နေရာယူလာပါလိမ့်မယ်။ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုတွေကို အားအဖြစ်ယူပြီးတော့ သူတို့ပေးတဲ့ ဒဏ်ရာဒဏ်ချက်တွေကို နှလုံးသွင်းကောင်းကောင်းနဲ့ ရင်ဆိုင်ပြီးတော့ ဖြေရှင်းသွားဖို့ပါပဲ။

နောက် အမှီကောင်းရဖို့လည်း လိုအပ်ပါတယ်။ ကိုယ့်ထက်သိတဲ့၊ သာတဲ့၊ တတ်တဲ့လူတွေနဲ့ ပေါင်းသင်းမှသာ သူတို့ဆီကနေ ကိုယ်ရမယ့်တန်ဖိုးတွေဟာ မြင့်တက်နေမှာဖြစ်ပါတယ်။ ဒါကြောင့် အစစအရာရာ

ကိုယ့်ထက်သာတဲ့လူကြီးလူကောင်းတွေကိုလည်း ဆည်းကပ်ဖို့ လိုအပ်ပါတယ်။ ဒီလိုမှ မဟုတ်ဘဲ ဘာမှမဟုတ်တဲ့လူတွေကို ပေါင်းသင်း၊ ဆည်းကပ်မှု ပြုလုပ်မယ်ဆိုရင်တော့ ကိုယ်ရှိထားတဲ့၊ အစွမ်းထက်တဲ့ လက်နက်လေးတွေတောင် တုံးသွားနိုင်ပါတယ်။ ဒါကြောင့် မှီခို ဆည်းကပ်ရမယ့် လူကောင်းတွေကို ရှာကြံပြီးတော့ ပေါင်းသင်းဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။

အဲဒီ လို ဆည်းကပ်ခွင့်ရပြီဆိုရင်လည်း ကိုယ်သွားရမယ့်လမ်းကို မမှိတ်မသုန် မျက်စိထဲက ဖျောက်ဖျက်မပစ်လိုက်ပါနဲ့။ လမ်းမှားနေရင် လမ်းမှန်ရောက်အောင် တည့်မတ်နိုင်ရပါလိမ့်မယ်။ လမ်းမှားကြီးအတိုင်း ဆက်လျှောက်နေရင်တော့ ပန်းတိုင်ဆိုတာနဲ့လည်း ဝေးကွာနေမှာဖြစ်သလို ကိုယ်မလိုချင်တာတွေပဲ တစ်ခုခုပြီးတစ်ခု လက်ခံနေရမှာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဆီကနေ အကြံဉာဏ်တွေ ရယူပါ။ နည်းယူပါ။ လေ့လာပါ။ သင်ယူပါ။ သူတို့ပြောကြားမှု၊ သွန်သင်မှုတွေကို လက်ခံပါ။ ဒါဟာလည်း အရေးကြီးတဲ့ အချက်တစ်ခုပါပဲ။

ဒီလိုမျိုးအောင်မြင်တဲ့ လမ်းကြောင်းပေါ်လျှောက်နိုင်ဖို့ဆိုတာ ကိုယ်နေထိုင်ရာအရပ်ဟာလည်း အရေးကြီးပါတယ်။ ကိုယ့်အတွက် သင့်တော်တဲ့နေရာဖြစ်ဖို့ လိုအပ်ပါတယ်။ ကိုယ့်အတွက် ဘာအခွင့်အလမ်းမှ မရှိရင်လည်း အဲလိုနေရာမျိုးမှာ နေပြီးတော့ ဘယ်လောက်ကြိုးစားအားထုတ်ထုတ် ကိုယ်ရောက်ချင်တဲ့ပန်းတိုင်ကို ရောက်ကောင်းရောက်နိုင်ပါတယ်။ ဒါပေမယ့် အရမ်းကြီးကို နှစ်တွေကြာမြင့်စွာ စတေးပြီးမှ ရောက်နိုင်ပါလိမ့်မယ်။ ဒါကြောင့် ကိုယ့်အတွက် အရေးပါတဲ့၊ အရာရောက်တဲ့ သင့်တော်နဲ့ နေရာမျိုးမှာ နေထိုင်ဖို့ဟာလည်း အရေးကြီးလှပါတယ်။ ဒါမှသာ လမ်းကြောင်းဟာ ရှင်းရှင်းလင်းလင်းနဲ့ လျှောက်ရတာ အဆင်ပြေနေမှာ ဖြစ်ပါတယ်။

အသစ်သစ်တွေကတော့ နေ့စဉ်နဲ့အမျှပါပဲ။ မရိုးနိုင်အောင် အပြိုင်အဆိုင်ထွက်ပေါ်နေခဲ့ပါတယ်။ ဒီအသစ်တွေ ထွက်ပေါ်တယ်ဆိုတာ

တီထွင်သူတွေရဲ့ စွမ်းအား ကြောင့်ပါပဲ။ သူတို့ဟာလည်း သူတို့သွားနေတဲ့လည်းတွေကို တစ်ခုပြီးတစ်ခု မရိုးနိုင်အောင် နည်းပညာအကူအညီနဲ့ဖောက်ထွင်းနေခဲ့ကြတာပါပဲ။ ဒီလို လမ်းကြောင်းသစ်တွေဆီကို သွားတဲ့အခါ ပင်မလမ်းမကြီးဖြစ်တဲ့ ဦးတည်ရာလမ်းကြောင်းကို မပျောက်စေဘဲ လမ်းသစ်လေးတွေ လမ်းသွယ်လေးတွေကို တစ်ခုပြီးတစ်ခု ဖောက်ပြီးတော့ သွားခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့က ရှိပြီးသားလမ်းတွေကိုလည်း ကောင်းသထက်ကောင်းအောင် ပြုပြင်ရင်း မရှိသေးတဲ့ အသုံးကျမယ့်လမ်းသစ်တွေကိုလည်း ဖောက်လုပ်သူအဖြစ်နဲ့ ပန်းတိုင်ရောက်တဲ့အထိ ဆက်လျှောက်နေကြလို တစ်ခုပြီးတစ်ခု အသစ်တွေ လက်ဆင့်ကမ်းတွေ့ရှိခဲ့ကြတာလည်း ဖြစ်ပါတယ်။

ဒါကြောင့် လူငယ်တွေလည်း မူလရည်ရွယ်ရင်း လမ်းကြောင်းကို မဖျောက်ပစ်ပါနဲ့။ မပျောက်စေနဲ့။ ဒီလမ်းကြောင်းအတိုင်း ကိုယ်ရည်ရွယ်ရာ ပန်းတိုင်ကို အရောက်သွားပါတယ်။ အဲဒီ လို အရောက်သွားတဲ့အခါ မျိုးမှာလည်း လမ်းသစ်တွေ တစ်ခုပြီးတစ်ခု ကိုယ်တိုင်ဖောက်လုပ်နိုင်သူအဖြစ်က ကိုယ့်အတွက်ရော၊ သူတစ်ပါးအတွက်ရော အသုံးချလို့ရမယ့် အကျိုးရှိမယ့် အဆင်ပြေမယ့် လမ်းသစ်တွေကို ဖောက်နိုင်သူဖြစ်ဖို့ တိုက်တွန်းချင်ပါတယ်။

ဒီနေရာမှာ ကိုသိန်းဇော် ရဲ့ "ပန်းတိုင်" ဆိုတဲ့ ကဗျာလေးက အလိုလို နှုတ်ဖျားမှာ ပေါ်လာတာကြောင့် ဒါလေးကို ပြန်ပြီးတော့ ဖောက်သည်ချလိုက်ပါတယ်။ ဒီကဗျာလေးကို ဖတ်ပြီးတော့ မပြီးဆုံးနိုင်တဲ့ ခရီးရှည်ကြီးကို မမှိတ်မသုန် ဆက်လက်ပြီးတော့ လမ်းကြောင်းမှန်ပေါ်ကနေ မသွေဖည်ဘဲ လျှောက်လှမ်းနိုင်သူ ဖြစ်ပါစေလို့ မှာချင်ပါတယ်။

"ပန်းတိုင်"

မရောက်သေးရင်

ရောက်အောင်သွား

ရောက်ရင် တစ်ထောက်နား

ပြီးရင် ရှေ့ဆက်သွား

အဲဒီ မှာ ဘာမှ မရှိဘူး။ ။

**မောင်မင်းစိုး**

Vol.1,No.28,2014// THE MYANMAR REVIEW JOURNAL

*

## လူငယ် နဲ့ အမျိုးသားရေးစိတ်ဓာတ်

အမျိုးသားရေးစိတ်ဓာတ်ဆိုတာလေး စဉ်းစားမိသွားတယ်။ ဒီတစ်ပတ်တော့ လူငယ်တွေအတွက် ဒါလေးကို ရှင်သန်စေချင်တာကြောင့် ဆောင်းပါးလေး ရေးဖြစ်လိုက်ပါတယ်။ လူငယ်တွေရဲ့ဖွံ့ဖြိုးမှုဟာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာမှာရော အားကောင်းစွာနဲ့ နိုးကြားနေခဲ့တာကို သိပါတယ်။ ဒီလို နိုးကြားနေခဲ့တဲ့ စိတ်ဓာတ်လေးတွေကို ပိုမိုပြီးတော့ ရင့်သန်စေဖို့ ထက်မြက်စေဖို့၊ ခိုင်မာစေဖို့၊ အားကောင်းစေဖို့တော့ အထူးပဲ လိုအပ်ပါတယ်။

အမျိုးသားရေးစိတ်ဓာတ်ဆိုတာ ဘာလဲ။ မြန်မာတွေရဲ့ အမျိုးသားရေးစိတ်ဓာတ်သည် ယဉ်ကျေးမှုအမွေအနှစ်မှ ဆင်းသက်လာသည့်စိတ်ဓာတ်ဟု သာမန်အားဖြင့်ဆိုရင် ရပါလိမ့်မယ်။ အထူးသဖြင့်တော့ တရားမျှတဖို့လိုအပ်ပါတယ်။ ဒီတော့ တရားမျှတဖို့ဆိုတာ မတရားတာတွေကို မောင်းထုတ်ပြီးတော့ အားလုံးအနေနဲ့ လူတစ်ယောက်မှာရှိရမယ့် ဓမ္မစွမ်းအားတွေရှိဖို့ လိုအပ်ပါတယ်။ ဓမ္မစွမ်းအားဆိုတာက ကောင်းမွန်စွာ နှလုံးသွင်းဆင်ခြင်နိုင်စွမ်း၊ အကောင်းမြင်စိတ်ဓာတ် စတာတွေနဲ့ ရှင်သန်ထက်မြတ်နေရမှာ ဖြစ်ပါတယ်။

မြန်မာတွေဟာ ကမ္ဘာမှာ ဖော်ရွေမှုအရှိဆုံး တိုင်းပြည်အနေနဲ့ ထင်ရှားပါတယ်။ ဖော်ရွေတယ်ဆိုတာ ဖြူစင်မှု၊ ရိုးသားမှုတွေနဲ့ ဖွဲ့စည်းထားတဲ့ လှပတဲ့စကားလုံးပါပဲ။ လှပတဲ့အပြုအမူပါပဲ။ ဒါဟာလည်း အမျိုးသားရေးစိတ်ဓာတ်ပါပဲ။ ဒီစကားလုံးရဲ့ နောက်ကွယ်မှာ အားကောင်းတဲ့အချက်တွေ များပြားစွာရှိနေဆဲပါ။ သနားမှု၊ ကြင်နာမှု၊ ချစ်ခင်မှု၊

စတာတွေပါပဲ။ ဒီစကားလုံးတွေ အပြုအမူတွေတည်ဆောက်ထားတာ ဖြစ်တာကြောင့် ရှေးယခင်ကလို တစ်မျိုးသားလုံးရဲ့ စိတ်ဓာတ်အဖြစ် ဆက်လက်တည်တန့်နေနိုင်ဖို့ လူတိုင်းမှာ အထူးသဖြင့် လူငယ်တိုင်းမှာ တာဝန်ရှိနေပါတယ်။

အားနာမှု၊ ဒီစကားလုံးဟာ ဘယ်တိုင်းပြည်မှာမှ မရှိတဲ့စကားလုံးဖြစ်သလို၊ ဘယ်တိုင်းပြည်မှာမှ လိုက်နာကျင့်ကြံခြင်းမရှိတဲ့ စကားလုံးအပြုအမူပါပဲ။ ဒီစကားလုံးနဲ့ ပတ်သက်ပြီးတော့ အားနာတယ်ဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့အတူ ဒီစိတ်ဓာတ်လေးကို ကမ္ဘာကိုချပြပြီး ဘွဲ့ယူစာတမ်းပြုစုတဲ့ အမေရိကန်မလေးတစ်ယောက်နဲ့ ချင်းမိုင်မှာဆုံဖူးတယ်။ အားနာတယ်ဆိုတာ ဘယ်မှာမှ မရှိဘူးလို့ သူကဆိုပါတယ်။ ခက်တာက ဘယ်မှာမှမရှိတဲ့ စကားလုံးဖြစ်နေတော့ သူ့အနေနဲ့ ဒီစကားလုံး ဂလိုဘယ်လ်မှုပြုဖို့၊ အများနားလည်ဖို့၊ လက်ခံဖို့ ဘယ်လိုဘာသာပြန်ရမလဲဆိုတာ အရင်စဉ်းစားနေခဲ့ရတယ်လို့ဆိုပါတယ်။

မြန်မာတွေအနေနဲ့ အားနာတယ်ဆိုတာ ဘယ်လိုပုံစံ၊ ဘယ်လိုတုန့်ပြန်ချက်၊ ဘယ်လိုအပြုအမူဆိုတာမျိုးသိပြီးဖြစ်ပါတယ်။ ဒီစကားလုံး ဒီအပြုအမူဟာလည်း အမျိုးသားရေးစိတ်ဓာတ်ပါပဲ။ အားနာလို့ လိုက်လျောမိတာဆိုတာမျိုး၊ ငါတော့ လုပ်မပေးနိုင်လို့၊ မသွားနိုင်လို့၊ မကူညီနိုင်လို့ အားနာလိုက်တာဆိုတာမျိုးတွေ နေ့စဉ်နဲ့အမျှ ကြားနေခဲ့ရပါလိမ့်မယ်။ ဆိုတော့ ဒီ အားနာတယ်ဆိုတဲ့ စကားလုံးလေး အပြုအမူလေးဟာလည်း လူတစ်ယောက်မှာ ရှိသင့်တဲ့ ချစ်ခင်ကြင်နာမှု၊ စာနာနားလည်မှု တစ်ခုခု မကူညီနိုင်လို့ စိတ်မကောင်းမှုစတာတွေနဲ့ ထုံမွှမ်းထားတဲ့စိတ်ဓာတ်ပါပဲ။ ဒါကြောင့် ဒီစကားလုံးလေးကိုလည်း အမျိုးသားရေးစိတ်ဓာတ်ကို ထမ်းဆောင်သူပီပီ ပျောက်ကွယ်မသွားရအောင် ထိန်းသိမ်းသင့်ပါတယ်။

အချင်းချင်း ကူညီရိုင်းပင်းမှုဟာလည်း မြန်မာတွေရဲ့ အားကောင်းတဲ့

အမျိုးသားရေးစိတ်ဓာတ် ပါပဲ။ ကမ္ဘာမှာ အဆင်းရဲဆုံးနိုင်ငံတွေထဲမှာ ပါဝင်နေပေမယ့် လူတစ်ယောက်ချင်းစီကို စစ်တမ်းကောက်ကြည့်တဲ့အခါ မြန်မာတွေဟာ အလှူအတန်း အပေးအကမ်းအရက်ရောဆုံးတိုင်းပြည်လို့ စစ်တမ်းတစ်ခုရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ မှန်ပါတယ်။ ဒါဟာလည်း စာနာစိတ်နဲ့ တည်ဆောက်ထားတဲ့ အပြုအမူတစ်ခုပါပဲ။ အနောက်ကမ္ဘာမှာဆို ကိုယ့်အိမ်နဲ့ဘေးချင်းကပ်နေတဲ့လူအချင်းချင်းတောင် တစ်ယောက်နဲ့တစ်ယောက် ကူညီဖို့နေနေသာသာ အသိမိတ်ဆွေပုံစံမျိုးအနေနဲ့ စကားပင် ပြောကြတာမျိုး မရှိပါဘူး။

ဒီမှာဆိုရင် အားလုံးဟာ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် ကူညီရိုင်းပင်းစိတ်နဲ့ အားလုံးတက်ညီလက်ညီလုပ်ပေးကြတာ အားလုံးအသိပါပဲ။ အထူးသဖြင့်တောရွာတွေမှာ ပိုမိုပြီးတော့ သိသာပါတယ်။ တကယ်တော့ ဒီလိုမျိုး ကူညီရိုင်းပင်းမှုဆိုတာကလည်း ရွှေမြန်မာတွေရဲ့ စစ်မှန်တဲ့အမျိုးသားရေးစိတ်ဓာတ်ပါပဲ။ ခုနကပြောသလို တောရွာတွေမှာဆို နာရေးအတွက်ပဲ ဖြစ်ဖြစ်၊ သာရေးအတွက်ပဲဖြစ်ဖြစ်၊ တစ်ရွာလုံးတက်ညီလက်ညီ ကူညီမှုတွေနဲ့ ပျော်တပြုံးပြုံးနဲ့ အချင်းချင်း စနောက်ပြီးတော့ မမောနိုင်မပမ်းနိုင် လုပ်နေကြတာမျိုးဟာ ဘယ်တိုင်းပြည်မှာမှ တွေ့ရမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီလို လှပတဲ့၊ နူးညံ့တဲ့အမျိုးသားရေးစိတ်ဓာတ်ကို မကွယ်ရလေအောင်၊ မပျောက်ရလေအောင်၊ မပျက်ရလေအောင်၊ လူတိုင်းမှာ တာဝန်ရှိပါတယ်။ လူငယ်တွေအနေနဲ့လည်း လက်ဆင့်ကမ်းပြီး သယ်ဆောင်သွားဖို့ တာဝန်ရှိပါတယ်။

နောက် အချင်းချင်းဆက်ဆံရေးမှာ ဂါရဝတရား၊ နိဝါတတရားဟာလည်း ဗုဒ္ဓရဲ့မင်္ဂလာတရားတော်အတိုင်း လှပစွာတည်ဆောက်ထားတဲ့မြန်မာတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်ပါပဲ။ လူငယ်နှင့်လူကြီး ဆက်ဆံရေး၊ ဆရာနဲ့ တပည့်ဆက်ဆံရေး၊ မိဘနဲ့သားသမီး၊ ဆက်ဆံရေး၊ အချင်းချင်းအပြန်အလှန် ဆက်ဆံရေး စသဖြင့် သူ့စည်းမှာ ရပ်တန့်ပြီး

ဆက်ဆံပြီးတော့ အပြောအဆို၊ အပြုအမူ၊ အနေအထိုင် စတာတွေဟာလည်း လှပတဲ့လူသားပီသတဲ့ စိတ်ဓာတ်တွေပါပဲ။ ဒီလိုမျိုးစိတ်ဓာတ်လေး အခုအချိန်အထိရှင်သန်နေခဲ့တယ်ဆိုတာ အစဉ်အဆက် လက်ဆင့်ကမ်းသယ်ဆောင်ခဲ့လို့ပဲ ဖြစ်ပါတယ်။

ဥပမာ .. ဒီမှာဆို ကျောင်းဆရာတစ်ယောက်ကိုပဲ ကြည့်ကြည့်ပေါ့၊ ဘယ်လောက် ရိုသေမှု၊ လေးစားမှု၊ ချင်ခင်မှု၊ တန်ဖိုးထားမှုရှိသလဲ ဆိုတာပါ။ မိဘနဲ့တောင် တစ်ဂိုဏ်းတည်းထားပြီး လေးစားကြတယ်။ ရိုသေကြတယ်။ ချစ်ခင်ကြတယ်။ တန်ဖိုးထားကြတယ်။ ကျောင်းဆရာပြောရင်လည်း တစ်သွေမတိမ်းလိုက်နာကြတယ်။ ဒါဟာလည်း ဘယ်တိုင်းပြည်မှာမှ မရှိတဲ့ဆက်ဆံရေးပါပဲ။ ဒါကတော့ တစ်ခုလောက်ကိုပဲ သာမန်လောက်ပဲ မီးမောင်းထိုးပြတာပါ။ အဲဒီ လိုပါပဲ အခြားအခြားသော ဆက်ဆံရေးမှာလည်း ဂါရဝတရားရှိသလို၊ နိဝါတဆိုတဲ့ နှိမ့်ချမှုလေးတွေ ရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မောက်မောက်မာမာဆက်ဆံတာမျိုးတွေ အရမ်းပဲနည်းပါးတယ်။ မရှိသလောက်ကိုပဲ ဆက်ဆံပါတယ်။ စကားပြောရင်တောင် ကျွန်တော်၊ ကျွန်မဆိုတဲ့ လေသံမျိုးနဲ့ ကိုယ့်ကိုယ်ကိုယ် ကျွန်တစ်ယောက်လို နှိမ့်ချတဲ့လေသံမျိုး ပြောဆိုတာမျိုးပါပဲ။ ဒီလို အချင်းချင်း ဂါရဝတရား၊ နိဝါတတရားဆိုတာမျိုးတွေကိုလည်း ဆက်လက်ပြီး တော့ရှိနေရမှာဖြစ်ပါတယ်။ ဒါဟာလည်း အမျိုးသားရေးစိတ်ဓာတ်ဖြစ်လို့ မဖျောက်ဖျက်သင့်ပါဘူး။ အခြားခြားသော ကမ္ဘာအသီးသီးကနေ ယဉ်ကျေးမှုဖြစ်တဲ့ အမျိုးသားရေးစိတ်ဓာတ်တွေအနေနဲ့လည်း ရှင်သန်နေဖို့ အထူးပဲလိုအပ်ပါတယ်။

ယုံကြည်လေးစားမှုဟာလည်း စိတ်ကောင်းစိတ်မြတ်နဲ့ ရစ်ပတ်ထားတဲ့ စကားလုံး အပြုအမူဖြစ်ပါတယ်။ ဒါဟာလည်း အမျိုးသားရေးစိတ်ဓာတ်ပါပဲ။ ယုံကြည်မှုဆိုတာ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်တာမျိုးဖြစ်ပြီးတော့ လေးစားမှုဆိုတာ ဒီနေရာမှာတော့ တန်ဖိုးထားမှုကိုပဲ ပြောချင်ပါတယ်။

ယုံကြည်မှုကို တန်ဖိုးထားတဲ့သူကိုပဲ လေးစားခံရခြင်းလို့ ဆိုပါတယ်။ မှန်ပါတယ်။ ယုံကြည်မှုဟာလည်း အရမ်းပဲအရေးကြီးတဲ့ စကားလုံးအပြုအမူ ဖြစ်ပါတယ်။ အချင်းချင်း မယုံကြည်နိုင်ရင် တိုင်းပြည်တောင်ပျက်စီးမှုဆီကို ဦးတည်သွားနိုင်ပါတယ်။ ဆိုတော့ တစ်နေ့တော့ဖြစ်လာမှာပဲဆိုတဲ့ စိတ်ဓာတ်နဲ့ယုံကြည်မှုကို မြှင့်တင်ပြီးတော့ တန်ဖိုးထားတာဟာလည်း လှပတဲ့အမျိုးသားရေးစိတ်ဓာတ်ဖြစ်နေပါတယ်။

အချုပ်ဆိုရမယ်ဆိုရင် လူတိုင်းဟာ အထူးသဖြင့် လူငယ်တိုင်းမှာ ဒီလိုမျိုးတန်ဖိုးတွေ စံနှုန်းတွေနဲ့ ဘယ်လိုတိုင်းတာတိုင်းတာ အတိုင်းခံနိုင်တဲ့ အမျိုးသားရေးစိတ်ဓာတ်တွေကို မပျောက်ကွယ်ရလေအောင် လက်ဆင့်ကမ်းသယ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူသားတစ်ဦးချင်း မိမိတို့ရဲ့ တာဝန်ဆိုတာမျိုးအထိ ဒီအမျိုးသားရေးစိတ်ဓာတ်တွေကို ထက်မြက်စေဖို့၊ ရှင်သန်စေဖို့ အားလုံးမှာတာဝန်သိစိတ်နဲ့ သယ်ဆောင်သွားနိုင်ကြစေကြောင်း ပြောပြလိုက်ပါတယ်။

**မောင်မင်းစိုး**

Vol.1,No.19,2014// THE MYANMAR REVIEW JOURNAL

*

# လူငယ်နဲ့ နေရာ

နေရာနဲ့ပတ်သက်ပြီးတော့ ခေါင်းထဲရောက်လာလို့ ဒီတစ်ခါတော့ နေရာအကြောင်းလေး ပြောပြချင်ပါတယ်။ နေရာတွေကတော့ များစွာပါပဲ။ ကိုယ်နဲ့ သင့်တော်တဲ့နေရာအတွက် လာရောက်ကြဖို့ ကြိုးစားနေခဲ့တဲ့ လူငယ်တွေအနေနဲ့ ဒီနေရာလေးကို အရောက်လှမ်းနိုင်ဖို့ ပြောပြလိုပါတယ်။ နေရာဆိုတာ လူတစ်ယောက်အတွက် သူ့နေရာနဲ့သူ ထိုက်ထိုက်တန်တန်ရယူနိုင် ရမှာဖြစ်ပါတယ်။

ဟိုတလောလေးက လေးပွင့်ဆိုင်လို့ပဲ ဆိုဆို၊ မြန်မာနိုင်ငံရဲ့ အထင်ကရပုဂ္ဂိုလ်ကြီးတွေ မျက်နှာစုံညီဆွေးနွေးခဲ့ကြပါတယ်။ ဒါလည်း ဘာပဲဖြစ်ဖြစ် နေရာအတွက် ဆွေးနွေးတာပဲလို့ သာမန်ဆိုရင်ရပါတယ်။ ဆိုတော့ ဒီနေရာဟာ လူတစ်ယောက်အတွက် ထိုက်သင့်တဲ့၊ သင့်တော်တဲ့နေရာယူနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နေရာတွေအနေနဲ့ များပြားစွာရှိနေတဲ့အထဲကမှ ကိုယ်နဲ့ အဆင်ပြေမယ့်နေရာမျိုးမှာ ဝင်ရောက်ယူစေဖို့ နေရာအတွက် မီးမောင်းအဖြစ် ထိုးပြလိုက်ပါတယ်။

တချို့ကတော့ ပြောပါတယ်။ လူတိုင်းအနေနဲ့ သူနဲ့ မထိုက်တဲ့နေရာဆိုတာမရှိဘူးပုံစံမျိုးပေ့ါ။ ဒီအဆိုကိုတော့ ကန့်ကွက်ရမှာဖြစ်ပါတယ်။ လူတိုင်းအနေနဲ့ မထိုက်တန်တဲ့နေရာမျိုးဆိုတာ ရှိရမှာပါ။ ဥပမာ ဘာမှ မသိတဲ့၊ မတတ်တဲ့၊ မကျွမ်းကျင်တဲ့လူမျိုးကို ကြီးမားတဲ့ ဥက္ကဋ္ဌလို၊ သမ္မတလို၊ ဝန်ကြီးလို၊ အမတ်လို စတဲ့နေရာ မျိုးပေးရင် ဘယ်သင့်တော်မလဲ။ မသင့်တော်တာထက် ဘယ်လိုလုပ်စွမ်းဆောင်နိုင်မှာလဲ။ အဲဒီလို စွမ်းဆောင်မှုမရှိတဲ့လူမျိုးကို ကြီးမားတဲ့နေရာမျိုးမှာ ပေးထားရင်တော့

အဖွဲ့အစည်းပဲဖြစ်ဖြစ်၊ အသင်းအပင်းပဲဖြစ်ဖြစ်၊ နိုင်ငံပဲဖြစ်ဖြစ်၊ မြို့ပြပဲဖြစ်ဖြစ်၊ ကျေးရွာပဲဖြစ်ဖြစ်၊ ဆုံးရှုံးမှုတန်ဖိုး ကြီးမားစွာ ပေးရပါလိမ့်မယ်။

ဒါကြောင့် လူတိုင်းနဲ့တော့ နေရာတိုင်းဟာ မထိုက်တန်ပါဘူး။ အရည်အသွေး၊ အရည်အချင်းဟာ ဒီနေရာနဲ့ပတ်သက်ရင်တော့ ဆုံးဖြတ်ဖို့ပေတံအဖြစ် တည်ရှိနေမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်နေရာလေးမှာ ကိုယ်ပိုင်တဲ့ အနေအထားကနေ မသွေဖီဘဲ လျှောက်လှမ်းနိုင်ဖို့၊ ရပ်တည်နိုင်ဖို့တော့ လိုအပ်ပါတယ်။ အာဏာရှိပေမယ့် ဘာမှ မတတ်ဘဲ၊ မသိတဲ့၊ မကျွမ်းကျင်တဲ့ လူမျိုးဟာ အာဏာကို မူးယစ်ပြီးတော့ နေရာကြီးကြီးမားမား ယူထားခဲ့မယ်ဆိုရင်တော့ အဲဒီ တိုင်းပြည်၊ အဲဒီ အဖွဲ့အစည်းဟာ ငါးပါးတင်မကဘဲ ငါးထောင်မက မှောက်ရမယ့်ကိန်းကို ဆိုက်ရောက်သွားပါလိမ့်မယ်။ ဒါကြောင့် နေရာဟာ သူနဲ့သင့်တော်တာပဲ ကောင်းတယ်။

ကမ္ဘာ့နိုင်ငံအရေးတွေမှာလည်း ကြည့်ပါ။ လေ့လာပါ။ သုံးသပ်ကြည့်ပါ။ မထိုက်တန်ဘဲ အာဏာကို အားကိုးပြီးတော့ နေရာယူထားခဲ့မှု စတာတွေကြောင့် တိုင်းပြည်ဟာ လူတစ်လုံးသူတစ်လုံး ဖြစ်မလာဘဲ၊ ဆင်းရဲမွဲတေမှုဆိုတဲ့ သံသရာထဲက မရုန်းထွက်နိုင်ခဲ့ကြတဲ့၊ မရုန်းထွက်နိုင်သေးတဲ့ နိုင်ငံပေါင်းများစွာ ကြုံခဲ့၊ သိခဲ့၊ ကြားခဲ့ရပါလိမ့်မယ်။ အဝေးကြီးကို ကြည့်စရာ မလိုပါဘူး။ နှစ်ခြောက်ဆယ်လုံးလုံး ဒီလိုဆင်းရဲမွဲတေမှုဒဏ်ကနေ မရုန်းထွက်နိုင်ဘဲ၊ ပြည်သူတွေဟာ ကျီးလန့်စာ စားဘဝတွေက မလွန်မြောက်ခဲ့ဘဲ အငတ်ဘေးတွေ ကြုံတွေ့ခဲ့ရတဲ့ မြန်မာနိုင်ငံရေးကိုပဲ သုံးသပ်ကြည့်ပါ။ အငတ်ဘေးဆိုတာ စိတ်ပိုင်းဆိုင်ရာ ငတ်ခဲ့ကြရတယ်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ငတ်ခဲ့ကြရတယ်။ ထိုနည်းတူစွာပဲ လူသားတစ်ယောက်အတွက် မဖြစ်မနေလိုအပ်ခဲ့တဲ့ လူအခွင့်အရေးဆိုတာတွေ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုတာတွေ ငတ်ခဲ့ကြရပါတယ်။ အဲဒါဟာ မထိုက်တန်တဲ့လူတွေအနေနဲ့ နေရာယူခဲ့ပြီး အာဏာနဲ့အုပ်ချုပ်ခဲ့လို့ပဲဖြစ်ပါတယ်။

အာဏာနဲ့ နေရာ လဲယူလို့ရလား ဆိုတဲ့ မေးခွန်းတစ်ခု ထွက်လာပါတယ်။ အာဏာဟာ ယစ်မူးပြီဆိုရင် အဲဒီ ယစ်မူးနေတဲ့အာဏာရှင်ရဲ့ အသိဉာဏ်ဟာ အလိုလို လူစိတ်ပျောက်ပြီးတော့ ငါမင်းငါချင်း၊ ငါ့အတွက်၊ ငါ့သားသမီးအတွက်၊ ငါ့မြေးအတွက်စတဲ့ ငါကို ရှေ့တန်းတင်ပြီးလုပ်ခဲ့တာကြောင့် အာဏာကို ရမ်းပြီးတော့ နေရာကို တိုက်ယူသွားတာမျိုးတွေကြောင့် လဲတယ်ဆိုတဲ့ စကားလုံးထက်၊ လုယူတယ်ဆိုတဲ့ စကားလုံးနဲ့ ထိုက်တန်ပါလိမ့်မယ်။ ဒါကြောင့် ဒူးနေရာ ဒူး၊ တော်နေရာတော် ဆိုသလို ကိုယ်နဲ့မထိုက်တန်တဲ့နေရာမျိုးမှာ မိန့်မိန့်ကြီး ထိုင်နေချင်တဲ့ စိတ်ယုတ်မာတွေကို မောင်းထုတ်နိုင်မှ တစ်တိုင်းပြည်လုံး၊ တစ်နိုင်ငံလုံး၊ တစ်ဖွဲ့စည်းလုံးဟာ အောင်မြင်မှုတွေနဲ့ လူတစ်လုံး သူတစ်လုံး နေနိုင်ကြမှာဖြစ်ပါတယ်။

ဒီလိုဆိုရင် အာဏာပဲဖြစ်ဖြစ် နေရာအသီးသီးကိုရယူထားခဲ့တဲ့ပုဂ္ဂိုလ်တွေ အနေနဲ့ စဉ်းစား ဆင်ခြင်ပြီးတော့ ကိုယ့်နဲ့သင့်တော်မယ့် နေရာမျိုးလောက်ကိုယူပြီးတော့ မထိုက်တန်ဘူးဆိုရင် ဆင်းပေးဖို့တော့ လိုအပ်ပါလိမ့်မယ်။ ဒါဟာ အားလုံးကောင်းစားရေးအတွက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် နေရာအသီးသီးမှာ မိန့်မိန့်ကြီးထိုင်ပြီး လုပ်ချင်တာလုပ်နေသူများအနေနဲ့ စဉ်းစားဖို့၊ စဉ်းစားပြီးရင်လည်း မထိုက်တန်ဘူးဆိုရင် ဆင်းပေးဖို့ လိုအပ်ပါတယ်။ အဲဒီ လို ဆင်းပေးမယ်ဆိုရင် ကိုယ့်အတွက်ရော၊ အများအတွက်ပါ အဆင်ပြေပါလိမ့်မယ်။

တစ်ဘက်ကကြည့်မယ်ဆိုရင်လည်း တကယ်လို့ ထိုက်တန်တဲ့လူက နေရာမယူထားရင် နေရာပေးခြင်းမခံရဘူးဆိုလည်း ဟန်မကျပါဘူး။ ဒီလိုဆိုရင်တော့ ထိုက်တဲ့လူတစ်ယောက်ကို ရွေးချယ်ပြီးတော့ နေရာပေးရပါလိမ့်မယ်။ ဒီလိုနေရာပေးတဲ့အခါမှာလည်း အဂတိလေးပါးက ကင်းကင်းလင်းလင်းနဲ့ ရွေးချယ်နိုင်ဖို့ လိုအပ်ပါလိမ့်မယ်။ ဒါကြောင့် အဂတိတရားမလိုက်ဘဲ ထိုက်တဲ့လူကို လူအများရဲ့ သဘောဆန္ဒအရ၊

ဆုံးဖြတ်ချက်အရ နေရာပေးနိုင်အောင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

အသိဉာဏ်၊ စိတ်ဓာတ်၊ ခွန်အား နဲ့ မောင်းနှင်နေတဲ့ လူ့အဖွဲ့အစည်းကြီးအနေနဲ့ တိုးတက်မှုရှိတဲ့ အဖွဲ့အစည်း၊ တိုင်းပြည်၊ နိုင်ငံ စတဲ့ အသင်းအပင်းကို လေ့လာသုံးသပ်ကြည့်ပါ။ ဘာဖြစ်လို့ အောင်မြင်နေရတာ လဲဆိုတာတွေကို လေ့လာကြည့်တဲ့အခါ နေရာပေးတာ၊ နေရာယူတာ တော်လို့လို့ သာမညအနေနဲ့ အားလုံးကို ပေါင်းပြီးတော့ အဖြေပေးရင် ရပါလိမ့်မယ်။

နောက်တစ်ခုက ကိုယ်နဲ့ မကျွမ်းတဲ့၊ မရင်းနှီးတဲ့လူကို နေရာမပေးချင်တဲ့ အဖွဲ့အစည်းဆိုတာလည်းရှိပါတယ်။ ဒါနဲ့ပြောင်းပြန် ကိုယ်နဲ့ ပနံသင့်လို့၊ ကျွမ်းဝင်လို့၊ ရင်းနှီးလို့ဆိုပြီး မထိုက်တန်တဲ့လူတွေကိုလည်း အတင်းနေရာတွေထိုးပေးလိုက်တာဟာ ကြီးမားတဲ့ ဆုံးရှုံးမှုကြီးဖြစ်ပါတယ်။ မအောင်မြင်ရခြင်းရဲ့ အဓိကသော့ချက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် လေ့လာပါ။ သုံးသပ်ပါ။ ပြီးတော့ ထိုက်တဲ့လူကိုပဲ ရွေးချယ်ပြီးတော့ နေရာပေးပါ။ အဲဒီ လို ရွေးချယ်တဲ့အခါမှာလည်း အထက်က ပြောခဲ့သလို လူအများရဲ့ဆန္ဒနဲ့ ရွေးချယ်ပါ၊ ဒီလိုဆိုရင် အဖွဲ့အစည်းတစ်ခုဟာ အောင်မြင်တဲ့လမ်းကြောင်းကို ရောက်လာပါလိမ့်မယ်။

ဒီနေရာမှာတော့ နေရာကို အဓိကထားပြီး ပြောပြလိုတာကြောင့် နေရာလောက်ကိုပဲ ဦးစားပေးပြောချင်ပါတယ်။ အမှန်ကတော့ အားလုံးကို ချုပ်ပြီးတော့ ပြောခြင်းဖြစ်တာကြောင့် ဒီလောက်လေးနဲ့တော့ မလုံလောက်ပါဘူး။ ဥပမာ နေရာတော့ သူနဲ့ထိုက်တန်ပါရဲ့ အရည်အချင်းတော့ရှိပါရဲ့၊ ဒါပေမယ့် ဘာမှစွမ်းဆောင်မှုမရှိရင်၊ အကျင့်စာရိတ္တမကောင်းရင်၊ ရဲဝံ့ပြတ်သားမှုမရှိရင်လည်း အသိပညာ၊ အတတ်ပညာတွေ ပြည့်စုံနေပေ့မယ့် ဒီလို လူမျိုးဟာလည်း မထိုက်တန်ပါဘူး။ ဒါကြောင့် ဒါလေးတွေကိုလည်း စောင့်ကြည့်ပါ။ လေ့လာပါ။ ရဲဝံ့ပြတ်သားစွာ ဆုံးဖြတ်ချက်ချပြီးတော့ မထိုက်တန်ရင် ပြန်ပြီးတော့နေရာယူထားရာက အောက်ကို ဖြုတ်ချပစ်ပါ။ ဒါလည်း လိုအပ်ပါတယ်။

ဒါကြောင့် အနာဂတ်ကို မောင်းနှင်နေခဲ့တဲ့ လူငယ်တွေအနေနဲ့ ကိုယ့်နေရာကိုရောက်အောင် သွားနိုင်ရပါလိမ့်မယ်၊ ကိုယ့်နေရာကို သွားတဲ့အခါမှာ သူတစ်ပါးကို ဖိနင်းပြီးတော့ မတက်ရောက်ဖို့၊ မလျှောက်လှမ်းဖို့တော့ လိုအပ်ပါတယ်။ တကယ့်စစ်မှန်တဲ့ စိတ်ဓါတ်နဲ့ ကိုယ့်ဒူးကိုယ်ချွန်ပြီးတော့ လေ့လာပါ။ သင်ယူပါ။ ဆည်းပူးပါ။ ဒီလိုဆိုရင်တော့ အသိညာဏ်တွေလည်း ဖူးပွင့်လာသလို၊ နေရာဟာလည်း အလိုလို ကိုယ့်ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါလိမ့်မယ်။ တကယ်လို့ နေရာတွေရပြီဆိုရင်လည်း တကယ့် ထိုက်တဲ့နေရာမျိုးကို လက်ခံရယူဖို့နဲ့ တစ်ဘက်သားကို ဖိနင်းပြီးလျှောက်တာမျိုး၊ ရယူတာမျိုးကို ဘယ်တော့မှမလုပ်ဘဲ အများအတွက် စံအဖြစ်ရပ်တည်နိုင်အောင် ကြိုးစားပြီးတော့ ကိုယ့်နဲ့ ထိုက်တန်တဲ့နေရာတွေမှာ ရပ်တည်ရင်း လူသားဘဝကို ပီပြင်အောင် ပုံဖော်နိုင်ပါစေကြောင်း ပြောပြလိုပါတယ်။ ။

**မောင်မင်းစိုး**

Vol.1,No.20,2014// THE MYANMAR REVIEW JOURNAL

*

# လူငယ်နှင့် ထွက်ပေါက်

ထွက်ပေါက်ဆိုတာ နေရာတိုင်းမှာ ရှိရပါလိမ့်မယ်။ ရှိလည်း ရှိနေခဲ့ပါတယ်။ အထူးသဖြင့်တော့ အကျဉ်းအကြပ်ထဲရောက်နေပြီဆိုရင်တော့ အဲဒီကနေ လွတ်မြောက်ဖို့အတွက် ထွက်ပေါက်တစ်ခုခုကို စဉ်းစားအဖြေရှာတတ်ကြပါတယ်။ ဆိုတော့... ထွက်ပေါက်တွေ့တာလည်းရှိသလို၊ မတွေ့တာမျိုးလည်း ရှိနေမှာပါပဲ၊ ဒါဟာ အဖြေရှာသူအနေနဲ့ သူသုံးလိုက်တဲ့ စဉ်းစားမှုနဲ့ သက်ဆိုင်ပါတယ်။ ထွက်ပေါက်ဆိုတာ လိုအပ်တာကြောင့် လူတိုင်းအနေနဲ့ ဒီထွက်ပေါက်နဲ့ အကျဉ်းအကျပ်တွေကနေ လွတ်မြောက်ခဲ့ကြရပါတယ်။ အဖြေမရှာနိုင်ရင်တော့ လွတ်မြောက်ဖို့ မလွယ်ကူဘူးလို့ ဆိုရမှာဖြစ်ပါတယ်။

အဝင်ဆိုတာရှိရင် အထွက်ဆိုတာလည်း ရှိရမယ်ဆိုတာ ရိုးရှင်းလှတဲ့ နိယာမတစ်ခုပါပဲ။ ဥပမာ- ဝင်သွားတဲ့ လေ ရှိသလို၊ ပြန်ထွက်လာတဲ့လေ ဆိုတာလည်း ရှိပါတယ်။ ဒါကိုပဲ သတိနဲ့ရှု၊ ဆင်ခြင်လိုက်တဲ့အခါ အားကောင်းလှတဲ့ အနေအထားတစ်ခုဆီသို့ တွန်းပို့စေလိုက်တာမျိုးတွေ ရှိပါလိမ့်မယ်။ ဒီလိုပါပဲ အိမ်တွေ၊ ကျောင်းတွေ၊ အဆောက်အဦးတွေမှာလည်း ဝင်ပေါက်ရှိသလို၊ ထွက်ပေါက်ဆိုတာမျိုးလည်းထားခဲ့ကြပါတယ်။ ဒါကြောင့် ထွက်ပေါက်ဟာ လူတစ်ယောက်အတွက် ကြီးမားတဲ့ အပြောင်းအလဲတစ်ခုဆီကိုတောင် ပို့ဆောင်ပေးနိုင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

အထူးသဖြင့်တော့ လူငယ်တွေအနေနဲ့ ရှေ့ဆက်လျှောက်ရမယ့်လမ်းခရီးမှာ အဆီးအတားဆိုတာမျိုးတွေကတော့

မုချတွေ့မှာဖြစ်ပါတယ်။ ဒီလိုတွေ့ရင်တော့ အဲဒီ အဆီးအတားဆိုတာတွေကနေ ကင်းလွတ်ဖို့၊ လွတ်မြောက်ဖို့၊ ရှောင်နိုင်ဖို့ ထွက်ပေါက်ကို တွေ့အောင်ရှာဖို့ အရေးတကြီးလိုအပ်နေလိမ့်မယ်လို့ ဆိုချင်ပါတယ်။ တစ်ခုရှိတာကတော့ ဒီလိုထွက်ပေါက်ဆိုတာကို ရှာတဲ့အခါမှာတော့ အသိဉာဏ်နဲ့ ဆိုင်ပါတယ်။ အချို့ ပြဿနာတွေကတော့ လျှပ်တစ်ပြက်အဖြေရှာပြီးတော့ အမြန်ဆုံးထွက်နိုင်ဖို့ လိုအပ်ပြီးတော့၊ တချို့ပြဿနာမျိုးတွေကျပြန်တော့ အေးအေးလူလူ စဉ်းစားပြီးမှ သေချာမှသာ အဖြေရှာပြီးတော့ ထွက်ခွာနိုင်ဖို့ လိုအပ်ပါတယ်။

ဒီနေရာမှာတော့ အကြောင်းအရာလေးနှစ်ခုကို မီးမောင်းထိုးပြချင်ပါတယ်။ တစ်ခါက မြတ်စွာဘုရားရှင် ကြွသွားတဲ့လမ်းခရီးမှာ လမ်းထဲရှိတဲ့ အခြားတိတ္ထိဆရာကြီးတွေရဲ့ တပည့်တွေက နားမခံသာအောင် ဆဲကြပါတယ်။ ဒီလိုဆဲတဲ့အခါ အရှင်အာနန္ဒာက ဘုရားရှင်ကို လျှောက်လိုက်ပါတယ်။ ဒီစကားကတော့ ထွက်ပေါက်အဖြစ်အသုံးချဖို့ လျှောက်လိုက်တဲ့ စကားပဲဖြစ်ပါတယ်။

“မြတ်စွာဘုရား၊ တပည့်တော်တို့ ဒီလမ်းကို ဆက်သွားလို့ မသင့်တော်ဘူး၊ ဒီလမ်းက လူတွေက တပည့်တော်တို့ကို ဆဲဆိုနေကြတယ်။ ဒါကြောင့် အခြားလမ်းတစ်လမ်းကနေ သွားကြမယ်ဘုရား” ဆိုပြီး လျှောက်လိုက်ပါတယ်။ ဒါကို မြတ်စွာဘုရားက သဘောမတူဘူး။

“အာနန္ဒာ၊ ဟုတ်ပြီလေ၊ ဒီလမ်းက လူတွေက ဆဲဆိုလို့ ငါတို့ အခြားလမ်းကို ရွေးလိုက်ပြီး သွားတယ်ဆိုပါတော့၊ အဲဒီ ငါတို့ ထပ်မံပြီးတော့ ရွေးချယ်လိုက်တဲ့ လမ်းကလူတွေကရော ငါတို့ကို မဆဲဆိုကြတော့ဘူးလား၊ တကယ်လို့ အဲဒီ လမ်းကလူတွေကလည်း ဒီလမ်းကလူတွေလို ဆဲဆိုခဲ့ရင်၊ ငါတို့ အခြားလမ်းတစ်ခုကို ရွေးချယ်ကြမလား၊ ဒီလိုဆိုရင်တော့ ပြီးတော့မှာ မဟုတ်ဘူး၊ တကယ်တော့ သူတို့ဆဲဆိုသံတွေက ဆဲတဲ့လူတွေဆီပြန်ရောက် သွားပါလိမ့်မယ်”

ဒီလိုဘုရားရှင်က ပြန်လည်ပြီးတော့ အမိန့်ရှိတော်မူလိုက်ပါတယ်။

ဒီကိစ္စမှာ စဉ်းစားကြည့်ပါ။ ဆဲသံ ဆိုသံ ဆိုတဲ့ အကျဉ်းအကျပ်ထဲ ရောက်နေခဲ့တဲ့အခါ ဒီကနေ လွတ်မြောက်ဖို့ ထွက်ပေါက်တစ်ခုကို ရှာကြပါတယ်။ ဒီလို ရှာတဲ့အခါမှာ အရှင် အာနန္ဒာက ထွက်ပြေးခြင်းဝါဒကို ကျင့်သုံးလိုက်ပါတယ်။ ဒါကို ဘုရားရှင်က လက်မခံပါဘူး။ ရင်ဆိုင်ခြင်းနဲ့ပဲ တုံ့ပြန်ဖို့ ထွက်ပေါက်အဖြစ် ရွေးလိုက်ပါတယ်။ ဆိုတော့ ဒါဟာ စဉ်းစားသူနှစ်ဦးရဲ့ စဉ်းစားပုံ မတူညီတဲ့အချက်ပါပဲ။

မှန်ပါတယ်။ တစ်ခါတစ်လေ ထွက်ပြေးမှုဝါဒဟာ ထွက်ပေါက်မဟုတ်ဘဲနဲ့ ရင်ဆိုင်ဖြေရှင်းမှုကသာ ထွက်ပေါက်ပုံစံမျိုးဖြစ်နေတတ်ပါတယ်။ ဒါပေမယ့် ဒါဟာ ပြဿနာတိုင်းတော့ မဆိုလိုပါဘူး။ ဥပမာ ရေမီး စတဲ့ အန္တရာယ်တစ်မျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရရင်တော့ ထွက်ပြေးမှ လွတ်မြောက်မှာဖြစ်တဲ့အတွက် ထွက်ပေါက်လို့ ဆိုရမှာပေါ့။ ဆိုတော့ ပြဿနာပေါင်းစုံကတော့ တစ်မျိုးပြီးတစ်မျိုး အနေနဲ့ သိသိသာသာပဲ ဖြစ်ဖြစ်၊ မသိမသာဘဲ ဖြစ်ဖြစ် ဝင်ရောက်လာမှာပါပဲ။ ဒါကို ထွက်ပေါက်အဖြစ် ဝင်ရောက်လာတဲ့အခါ စဉ်းစားတွေးခေါ်မှုဆိုတာလေးကို ရင့်ကျက်အောင် တည်ဆောက်နိုင်ဖို့တော့ အရမ်းလိုအပ်ပါတယ်။

နောက်အကြောင်းအရာလေးတစ်ခုလည်း ဖတ်ဖူးထားတော့ ပြန်လည် ဖောက်သည်ချ လိုပါတယ်။ ထွက်ပေါက်ဖြေရှင်းနည်းလေးပါပဲ။

တစ်ခါက ကျားတစ်ကောင်ဟာ အမဲလိုက်ရင်း မြေခွေးတစ်ကောင်ကို အရှင်လတ်လတ်ပဲ ဖမ်းမိသွားတယ်။ ဒီတော့ ကျားဟာ မြေခွေးကို စားဖို့ကြိုးစားတယ်။ ဒီတော့ မြေခွေးက စကားတစ်ခွန်းပြောလိုက်ပါတယ်။

"ဟဲ့ ကျား၊ ကျုပ်ကို ခင်ဗျား ဘယ်လိုမှ စားလို့ရမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဟာ မိုးနတ်မင်းကြီးအနေနဲ့ လွှတ်လိုက်တဲ့ သားရဲတွေရဲ့ ဘုရင်ဖြစ်နေလို့ပဲ" ဆိုပြီး ပြောပြလိုက်တယ်။ ဒီတော့ ကျားက ဟုတ် မဟုတ် စမ်းသပ်လိုတာကြောင့် ....

"ဟုတ်ပြီလေ၊ မင်းကိုမင်း သားကောင်တွေရဲ့ ဘုရင်ဆိုရင် ငါ့ကို လက်တွေ့ပြစမ်း " လို့ဆိုတော့ မြေခွေးက လက်တွေ့ပြဖို့ ကျားကို သူ့နောက်လိုက်ခဲ့ဖို့ ခေါ်လိုက်ပါတယ်။

" ကျုပ်နောက်ကို ခင်ဗျားလိုက်ခဲ့၊ ကျုပ် ရှေ့ကနေသွားမယ်။ ဒီလိုသွားတဲ့နေရာမှာ သားကောင်တွေဟာ ကျုပ်ကိုတွေ့တာနဲ့ ထွက်ပြေး ပုန်းရှောင်ကြလိမ့်မယ်။ ဒါကို ခင်ဗျားအနေနဲ့ မယုံရင် ကျုပ်နောက်ကနေ ထပ်ကြပ်မကွာဘဲ လိုက်ပြီးတော့ ကြည့်ပါ" လို့ ဆိုလိုက်ပါတယ်။ ဒီတော့ ကျားကလည်း မြေခွေးအနေနဲ့ လေလုံးထွားတာ ဟုတ် ၊ မဟုတ် သိရအောင် မြေခွေးရဲ့ နောက်ကနေ ထပ်ကြပ်မကွာအောင်ကို လိုက်သွားပါတယ်။

မှန်ပါတယ်။ မြေခွေးနဲ့ ကျားတို့ရဲ့ သွားတဲ့လမ်းမှာရှိတဲ့ သမင်တွေ၊ ဒရယ်တွေ၊ ယုန်တွေ စတဲ့ သားကောင်တွေဟာ ထွက်ပြေးပုန်းရှောင်ကြပါတယ်။ ဒါကို တွေ့ပြီးတော့ မြေခွေးက စကားဆိုလိုက်ပါတယ်။

"တွေ့လား ...၊ ခင်ဗျားအနေနဲ့ မယုံဘူးဆိုတာ သံသယရှင်းသွားပြီမဟုတ်လား၊ အခု ကြည့် ကျုပ်သွားတဲ့လမ်းမှာ ကျုပ်ကို မြင်တော့ သားကောင်တွေ ပြေးသွားကြတယ်မဟုတ်လား" ဆိုပြီး ပြောလိုက်တော့ ကျားဟာလည်း သားကောင်တွေ ထွက်ပြေးသွားတာတွေကို မြင်လိုက်တာကြောင့် မစားရဲတော့ဘဲ တောထဲကို တစ်ချိုးတည်း လစ်ပြေးသွားပါတယ်။ တကယ်တော့ သားကောင်တွေက မြေခွေးကိုမြင်လို့ ပြေးရှောင်တာမျိုးမဟုတ်ပါဘူး။ မြေခွေးနောက်က ကပ်ပါလာတဲ့ ကျားကို မြင်ပြီးတော့ ထွက်ပြေးပုန်းရှောင်ကြတာဖြစ် ပါတယ်။ ကိုရွှေကျားက မသိပါဘူး။ ဒါကို အခွင့်ကောင်းယူပြီးတော့ အစားခံရမယ့် အန္တရာယ်ကနေ မြေခွေးက ထွက်ပေါက်ကိုဖန်တီးယူပြီးတော့ လွတ်မြောက်အောင် ကြိုးစားလိုက်ပါတယ်။

ဒါလေးကို ဖတ်ပြီးတော့ စဉ်းစားစရာတွေ များပါလိမ့်မယ်။ ကလိမ်ကကျစ်ကျတတ်တဲ့ မြေခွေးရဲ့ ဖြတ်ထိုးဉာဏ်ကို ချီးမွမ်းမလား သို့မဟုတ်

မြေခွေးရဲ့ လိမ်ညာမှုကို ခံလိုက်ရတဲ့ ကျားရဲ့အသိဉာဏ်မဲ့မှုကို အပြစ်တင်မလား၊ သို့မဟုတ်ရင် ဘယ်လိုမြင်မလဲဆိုတာ မေးခွန်းထုတ်လိုက်ချင်ပါတယ်။ သို့မဟုတ်ရင်လည်း အခြားခြားတော့ ရှုထောင့်ပေါင်းစုံကနေလည်း ဒီပြဿနာကို ရှုမြင်သုံးသပ်နိုင်ပါတယ်။ ဒီနေရာမှာတော့ ထွက်ပေါက်ဆိုတာကိုပဲ ပြောလိုတာကြောင့် ထွက်ပေါက်အဖြစ် ရှုမြင်သုံးသပ်လိုက်ပါတယ်။

ဆိုတော့ ပြန်လည်ပြီးတော့ အကျဉ်းချုပ်ချင်ပါတယ်။ လူငယ်တွေအနေနဲ့ ရှေ့ကိုဆက်လက်ပြီးတော့ လျှောက်ကြရမှာဖြစ်ပါတယ်။ ဒီလို ရှေ့ဆက်လျှောက်တဲ့ အခါမှာတော့ ပြဿနာပေါင်းစုံကလည်း တစ်ခုပြီးတစ်ခု ဝင်ရောက်နှောက်ယှက်မှုမျိုးတွေနဲ့ မုချပဲ ရင်ဆိုင်ကြုံတွေ့ရပါလိမ့်မယ်။ ဒီလိုမျိုး ဒုက္ခပေါင်းစုံဆိုတဲ့ ပြဿနာတောထဲကနေ လွတ်မြောက်ဖို့အတွက် အသိဉာဏ်ဆိုတာကို လက်နက်အဖြစ် အသုံးချပြီး ထွက်ပေါက်တွေကို တည်တည်ငြိမ်ငြိမ် အဖြေရှာနိုင်ကြပါစေလို့ တိုက်တွန်းစကား ဆိုချင်ပါတယ်။

**မောင်မင်းစိုး**

Vol.1,No.21,2014// THE MYANMAR REVIEW JOURNAL

*

# လူငယ်နဲ့ လူကြီး

လူငယ်နဲ့ လူကြီးဆိုတဲ့ စကားနှစ်လုံးဟာ သာမန်အားဖြင့် အတွဲလိုက်ရှိနေတဲ့ စကားလုံးဖြစ်နေတာကြောင့် သိပ်ပြီးတော့ ထူးခြားမှုမရှိလို့ ထင်ကောင်းထင်ပါလိမ့်မယ်။ ဒါပေမယ့် ဒီစကားနှစ်လုံးရဲ့ သဘောသဘာဝနှစ်ခုကို ယှဉ်တွဲကြည့်လိုက်တဲ့အခါ အရမ်းကိုပဲ အဟနစ်ခုကို တွေ့ရပါလိမ့်မယ်။ ဒါကြောင့် ဒီမတူညီတဲ့ အချက်လေးတွေ၊ အဟလေးတွေ၊ စပေ့စ်လေးတွေကို တွေးဖြစ်မိတာကြောင့် ဒီဆောင်းပါးလေးကို ရေးဖြစ်လိုက်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းကတော့ လူကြီးတွေဆိုတာ ကောင်းမွန်တဲ့နည်းလမ်းတွေကို ညွှန်ပြနိုင်တဲ့ စွမ်းရည်သတ္တိရှိမှာဖြစ်ပြီးတော့ လူငယ်တွေကတော့ အဲဒီ လို ကောင်းမွန်တဲ့နည်းလမ်းတွေအတိုင်း တန်းတန်းဖြောင့်ဖြောင့် ကြောက်ရွံ့ခြင်းကင်းပြီးတော့ လျှောက်ရဲရမယ်။ လိုက်ရဲရမလို့ ဆိုပါတယ်။ ဆိုတော့ ဒါကို ကောက်ချက်ချလိုက်ရမယ်ဆိုရင် လမ်းဖောက်သူနဲ့ လမ်းလျှောက်သူ အဖြစ် အဟတစ်ခုကို တွေ့လိုက်ရပါတယ်။

မှန်ပါတယ်။ လူကြီးတွေဆိုတာ လူငယ်တွေအတွက် စံပြဖြစ်နေရပါလိမ့်မယ်။ ဘယ်လို ကိစ္စမျိုးတွေကိုမဆို ရှေ့ဆောင်သွားနေတဲ့အခါ အမှားအယွင်းကင်းနိုင်သမျှ ကင်းအောင်၊ နည်းနိုင်သမျှနည်းအောင် ပုံဖော်ပြီးတော့ လမ်းတွေကို ဖောက်ကြရမှာဖြစ်ပါတယ်။ ဒါကို မြန်မာစကားဆိုရိုးတစ်ခုအနေနဲ့ "ရှေ့ဆောင် နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏ " လို့ဆိုကြပါတယ်။

စနစ်ဆိုးနဲ့ကြီးပြင်းခဲ့ရတဲ့ လူတွေအတွက်တော့ သူတို့ကြီးပြင်းခဲ့ရာစနစ်ဆိုးတွေကြောင့် အစစအရာရာ၊ အောက်ကျနောက်ကျနဲ့ လူပီအောင် မနည်းရုန်းကန်ခဲ့ကြရတယ်။ ဒီစနစ်ဆိုး၊ အမွေဆိုးကြီးရဲ့ ချုပ်နှောင်မှု၊ ချည်နှောင်မှုတွေကြောင့် ဘာမှဖြစ်မလာတာမျိုးတွေ ရှိခဲ့ပါတယ်။ ဒါဟာ စနစ်ရဲ့ သားကောင်ပါပဲ။ ဒီစနစ်ကို တီထွင်တဲ့အခါမှာလည်း ကမ္ဘာအဂ္ဂမ်းကို လိုက်ကြည့်တဲ့အခါ အာဏာကိုယစ်မူးခဲ့ကြလို့လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းတွေကို ဖောက်ခဲ့တဲ့၊ ဒီစနစ်ဆိုးတွေကို ရိုက်သွင်းခဲ့တဲ့၊ ထုဆစ်ခဲ့တဲ့ လူကြီးတွေဟာ သမိုင်းရဲ့ တရားခံအဖြစ် ပုံရိပ်မလှမပဘဲ ဝေဝေဝါးဝါး ထင်ကျန်နေခဲ့မှာ ဖြစ်ပါတယ်။

နောက်တစ်ချက် လူကြီးတွေက လူငယ်တွေကို လျှော့တွက်တတ်တဲ့ အလေ့အထကြီးဟာ အခုထိ အရိပ်မည်းကြီးလို လိုက်ပါပြီးတော့ နှောက်ယှက်နေဆဲပါပဲ။ ဒါဟာ အနာဂတ်အတွက် ကြီးမားလှတဲ့ ဆုံးရှုံးမှုကြီးဆီကို ဦးတည်သွားခဲ့မှာ ဖြစ်ပါတယ်။ လူငယ်တွေဆိုတာဟာ လူသားပီပီ အမှားနဲ့တော့ ကင်းမှာမဟုတ်ပါဘူး။ ထိုနည်းတူစွာပါပဲ လူကြီးတွေအနေနဲ့လည်း လူသားပီပီ အမှားနဲ့ ကင်းနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် အမှားနည်းအောင်တော့ သတိထားပြီးတော့ လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက အမှားကို အမှားမှန်းသိဖို့လည်း လိုအပ်ပါတယ်။ ဒီလို အမှားမှန်းသိရင်လည်း သိသည့်အလျောက် ပြုပြင်ပြီးတော့ အမှန်ကို ချပြရဲရပါလိမ့်မယ်။ ဒါဟာ လူကြီးတွေအနေနဲ့ လူငယ်တွေကို ပေးလိုက်တဲ့ စာရိတ္တသတ္တိဖြစ်သလို၊ အမွေလည်း ဖြစ်မှာပါပဲ။`

လူငယ်တွေအနေနဲ့လည်း အရာရာကို မျက်ချည်မပြတ်အောင်တော့ ကြည့်နေရမှာဖြစ်သလို၊ သင်ယူလေ့လာနေရမှာလည်း ဖြစ်ပါတယ်။ မဆုံးနိုင်တဲ့ အနာဂတ်ခရီးရှည်ကြီးကို လျှောက်တဲ့အခါ ကိုယ့်အပေါ် ကျလာတဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ချင်တယ်ဆိုရင်တော့ အသိပညာဂမ်းစာ၊ ခံစားမှုဂမ်းစာတွေ

ဖြည့်တင်းထားရနိုင်ပါလိမ့်မယ်။ အသိပညာကြီးတစ်ခုတည်းနဲ့လည်း မောင်းနှင်နေလို့ ခရီးမပေါက်နိုင်ပါဘူး။ ဒါကြောင့် သနားမှု၊ စာနာမှု၊ ကူညီလိုမှု၊ ဖေးမလိုမှုစတဲ့ ခံစားမှုနှလုံးရည်ကိုလည်း ဖြည့်တင်းထားဖို့ ဖြည့်တင်းဖို့ လိုအပ်မှာပါ။ ဒါမှသာ ကိုယ့်အပေါ်ကျလာတဲ့ တာဝန်ဆိုတာတွေကို ပခုံးလွဲ ပြီးတော့ ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။

လူကြီးဆိုသူများရဲ့ ကောင်းမွန်တဲ့ လမ်းညွှန်မှုကို မလိုက်နာဘဲ "ကိုယ့်လမ်းကြောင်းကို ကိုယ်လျှောက်နေတာ ဘယ်သူ့ဂရုစိုက်ရမှာလဲ" ဆိုတဲ့ လူငယ်ဘာဂ ထင်ရာစိုင်းဝါဒမျိုးတွေလည်း ရှိတတ်ကြပါတယ်။ ဒါပေမယ့် များသောအားဖြင့် လူကြီးဆိုသူတွေအနေနဲ့ အောက်လက်ငယ်သားတွေအပေါ်မှာ မကောင်းတဲ့ သွန်သင်မှု၊ ဆုံးမမှုမျိုးတွေကို ပေးမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကောင်းမွန်တဲ့ လမ်းညွှန်မှု၊ စနစ်ကောင်းတွေကို ချပြတဲ့အခါမှာတော့ လူငယ်တွေအနေနဲ့ ငါမြင်းငါစိုင်း စိတ်ဓာတ်တွေနဲ့ ခရီးဆက်နေလို့ မဖြစ်ပါဘူး။ ဒါဟာလည်း မိမိအတွက်ရော၊ အနာဂတ်အတွက်ပါ များစွာပဲဆုံးရှုံးမှုတွေဆီကို ဦးတည်သွားနိုင်ပါတယ်။

လူငယ်ဆိုတာ မှန်တယ်ထင်ရင် အတင်းပဲ ဇွတ်တက်ရဲတဲ့ သတ္တိဆိုတာမျိုးကို ပုံဖော်ပြလေ့ရှိတယ်။ မှန်တယ်၊ ဒါပေမယ့် ထင်ရုံနဲ့တော့ အလုပ်မဖြစ်လှဘူးပေ့ါ။ တကယ်မှန်လို့ ဇွတ်အတင်းတက်တာမျိုးဆိုရင်တော့ လက်ကမ်းကြိုဆိုရမှာ ဖြစ်ပါတယ်။ တစ်ခါတစ်လေမှာ အထင်နဲ့ လုပ်တတ်တာတွေကြောင့် မှားယွင်းမှုတွေဟာ ကြီးကြီးမားမားဆုံးရှုံးမှုဆီသို့ ဦးတည်သွားနိုင်ပါတယ်။ ဒါကြောင့် အထင်နဲ့လောက်တော့ မဆုံးဖြတ်သင့်ဘူးလို့ ဆိုရမှာ ဖြစ်ပါတယ်။

လူကြီးဆိုသူတွေအနေနဲ့လည်း အသက်ကြီးရုံလောက်နဲ့ လူကြီးအဖြစ်လောက်ဆိုတာမျိုးနဲ့တော့ ဟန်မကျပါဘူး။ အလုပ်မဖြစ်ပါဘူးူး။ အသက်ကြီးပေမယ့် အသိဉာဏ်မကြီးရင်၊ သဘောထားမကြီးရင်၊ အရာရာကို

ခံစားနားလည်နိုင်တဲ့ နှလုံးသားမကြီးမားရင်တော့ လူသာကြီးပေမယ့် လူကြီးလို့ သတ်မှတ်ရမှာမျိုးလောက်တော့ အဆင်မပြေဘူးပေါ့။ ဒါကြောင့် အသိဉာဏ်ကြီးအောင်၊ သဘောထားကြီးအောင်၊ စွမ်းဆောင်ရည်ကြီးအောင်၊ ခံစားမှုနှလုံးသားကြီးမားအောင် တည်ဆောက်ပြီးမှာ တကယ့်ကို လူငယ်တွေရဲ့ စံပြဖြစ်ဖို့တော့ လိုအပ်ပါလိမ့်မယ်။

နောက်... အဖွဲ့အစည်းတိုင်းမှာ ဖြစ်တတ်တဲ့ သဘာဝတစ်ခုရှိပါတယ်။ ဒါကတော့ အထက်နဲ့ အောက် လို့ဆိုရမယ့် လူကြီး၊လူငယ် ပြဿနာပါပဲ။ ဒါကတော့ လူကြီးဆိုသူတွေရဲ့ ဆုံးဖြတ်ချက် အလွဲတွေကြောင့် ဒီပြဿနာတွေ ကြီးထွားရတာ ၊ မပြီးဆုံးနိုင်ရတာ တွေ ဖြစ်တတ်ပါတယ်။ ဒါ ဘာကြောင့်ဆိုတဲ့ ဇစ်မြစ်ကို လိုက်ကြည့်တဲ့အခါ သူ့လူ၊ ကိုယ့်လူ စတဲ့ ပုဂ္ဂိုလ်ရေးခွဲခြားမှုတွေ ကြောင့်ပါပဲ၊ ပိုမိုပြီးတော့ ပြောရမယ်ဆိုရင် အဂတိလိုက်စား လို့ပဲဖြစ်ပါတယ်။

လူကြီးလုပ်သူ၊ ခေါင်းဆောင်လုပ်သူဟာ ဘယ်တော့မှ အဂတိကို ရဲရဲတင်းတင်းလိုက်စားတာမျိုး မလုပ်ဘူး။ ဒါဟာ ကိုယ့်ဂုဏ်သိက္ခာကို ထိခိုက်နိုင်သလို အဖွဲ့အစည်းရဲ့ တိုးတက်မှုတွေအတွက်လည်း ဆုတ်ယုတ်မှုတွေဆီတွန်းပို့ပြီးတော့ အောက်လက်ငယ်သားအချင်းချင်း အတွက်လည်း မမျှတမှုကြောင့် အချင်းချင်းသွေးကွဲတာမျိုးတွေအထိဖြစ်သွားတာမျိုးတွေ ဖြစ်တတ်ပါတယ်။ ဒီတော့ တကယ်ထိုက်တန်တဲ့လူမျိုးတွေကို နေရာပေးပြီးတော့ ခေါင်းဆောင်မှုစွမ်းရည်ကို ချပြရဲတာမျိုး၊ ပုံဖော်နိုင်တာမျိုးတွေကို မျက်ခြေမပြတ်ကြည့်နေပြီးတော့ တော်ရင်တော့ တော်သလို၊ စွမ်းဆောင်နိုင်ရင် စွမ်းဆောင်နိုင်သလို ချီးမြှောက်ရဲရမှာဖြစ်ပါတယ်။ ငါနဲ့ မသိလို့၊ ငါ့လူမဟုတ်လို့၊ ငါ့အမျိုးမဟုတ်လို့ဆိုတာမျိုးတွေ ကြည့်နေမယ်ဆိုရင်တော့ အဲဒီ အဖွဲ့အစည်းရဲ့ ပျက်စီးမှုတွေဟာ တဖြည်းဖြည်းနဲ့ အောက်အဆင့်အထိ ပြုတ်ကျသွားပါလိမ့်မယ်။ ခက်တာက ဒီလိုအဖြစ်မျိုးဆိုတာက အဖွဲ့အစည်းတိုင်းမှာလိုလို

အနည်းနဲ့အများရှိနေတတ်တာဟာ ထုံးစံလိုလို ဖြစ်နေခဲ့ပါပြီ။ ဒါကြောင့် ဒီလိုမျိုးတွေကို လူကြီးလုပ်တဲ့သူတွေအနေနဲ့သိအောင် အားထုတ်ရမယ်၊ သိတဲ့အတိုင်း လိုက်ပါပြင်ဆင်နိုင်ပြီးတော့ ကိုယ့် အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာနဲ့ အောင်မြင်မှုကို လက်လွှဲပေးခဲ့သူဖြစ်အောင် ကြိုးစားရမှာဖြစ်ပါတယ်။

ပြန်ပြီးတော့ အနှစ်ချုပ်ရမယ်ဆိုရင် လူကြီးများအနေနဲ့ လူငယ်များရဲ့ လမ်းညွှန်သူ ဖြစ်ရပါလိမ့်မယ်။ စံပြခေါင်းဆောင် ဖြစ်ရပါလိမ့်မယ်။ အသက်ကြီးလို့ လူကြီးလောက်ဆိုတာမျိုးနဲ့တော့ အလုပ်မဖြစ်ဘူး ဆိုတာပါပဲ။ ထိုနည်းတူစွာ လူငယ်တွေဟာလည်း လူငယ်ပီပီ မဟုတ်မခံသတ္တိဆိုတာမျိုးတွေ ရှိတတ်ပေမယ့် ငါ့လေ့ငါထိုးသမားမျိုးတွေ မဖြစ်စေချင်ပါဘူး။ လူကြီးတွေရဲ့ ကောင်းမွန်တဲ့ လမ်းကြောင်းပေါ်ကို အဓိပ္ပာယ်ရှိရှိပုံဖော်နိုင်သူတွေ ဖြစ်အောင် ကြိုးစားကြစေချင်ပါတယ်။။

**မောင်မင်းစိုး**

Vol.1,No.22,2014// THE MYANMAR REVIEW JOURNAL

*

## လူငယ်နဲ့ ဓား

တစ်နေ့က အင်တာနက်မှာ ဗီဒီယိုဖိုင်လေးနှစ်ခု မရှေးမနှောင်းဆိုသလို ကြည့်လိုက် မိတာကြောင့် ဒီဆောင်းပါးလေးကို ရေးဖြစ်လိုက်ပါတယ်။ ဗီဒီယိုဖိုင်ထဲမှာ ဆရာဝန်တစ်ယောက်က မွေးဖွားလူနာကို ခွဲစိတ်နေပုံလေးရယ်၊ နောက်ပြီးတော့ အိုင်အက်စ်အဖွဲ့ အမေရိကန်နိုင်ငံသားတစ်ယောက်ကို ခေါင်းဖြတ်သတ်တဲ့ အကြောင်းအရာလေးရယ် နှစ်ခုပါ။ ဒီနှစ်ခုဟာ ဓားကိုပဲ အသုံးချသွားတဲ့အကြောင်းအရာလေးနှစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် အတွေးလေးတစ်ခု ရလိုက်တာကြောင့် ဒီဆောင်းပါးလေးကို ရေးသားလိုက်ရခြင်းဖြစ်ပါတယ်။

ဓားဆိုတာကတော့ မြန်မာတွေရဲ့ ရိုးရာဓလေ့အဖြစ် အသုံးအဆောင်တစ်ခုအနေနဲ့ တစ်ချိန်ကတော့ အရေးပါခဲ့တယ်ဆိုတာပါပဲ။ အခုချိန်ထိလည်း ဓားကတော့ လူတိုင်းအတွက် အရေးပါတဲ့ လက်နက်ကိရိယာတစ်ခုအဖြစ် တည်ရှိနေဆဲလည်း ဖြစ်ပါတယ်။ ထင်းခုတ်တဲ့ ဓား၊ ဟင်းခုတ်တဲ့ ဓား၊ မှုတ်ဆိတ်မွေးရိတ်တဲ့ ဓား၊ သစ်သီးသစ်ရွက်လှီးဖြတ်တဲ့ ဓား စသဖြင့် ဓားရဲ့ အရေးပါမှုတွေကတော့ ပြောလို့ကုန်နိုင်မယ်မထင်ပါဘူး။ ဒါပေမယ့် ဒီဓားကို ဘယ်လိုနေရာမှာ အသုံးချမှ အရေးပါပြီး၊ ဘယ်လိုနေရာမျိုးမှာသုံးရင် အရေးမပါဘဲ အန္တရာယ်အဖြစ်ရောက်သွားခဲ့သလဲ ဆိုတာလေးကိုတော့ ပြောပြချင်ပါတယ်။

သုံးတတ်လျှင် ဆေး၊ မသုံးတတ်လျှင် ဘေးဆိုတဲ့ မြန်မာဆိုရိုးစကားလေးလိုပါပဲ။ အကျိုးရှိရှိ အသုံးချတတ်ရင်တော့ ဓားဟာ

လူတိုင်းအတွက် အရေးပါတဲ့ လက်နက်တစ်ခုအဖြစ် တည်ရှိနေမှာဖြစ်ပါတယ်။ တကယ်လို့ အသုံးမချတတ်ဘဲ အကျိုးမဲ့နေရာမျိုးမှာ အသုံးပြုလိုက်မယ်ဆိုရင်တော့ ဒီဓားဟာ ဘေးအန္တရာယ်အဖြစ်ကို ရောက်ရှိသွားမှာဖြစ်ပါတယ်။ အမှန်ကတော့ ဓားဟာ သက်မဲ့အရာဝတ္ထုတစ်ခုဖြစ်ပါတယ်။ ဒီသက်မဲ့အရာဝတ္ထုကို အသုံးပြုတဲ့ သက်ရှိလူသားတို့ရဲ့ အသုံးချမှုအပေါ်မူတည်ပြီးတော့ တန်ဖိုးရှိ၊ တန်ဖိုးမဲ့ ဖြစ်သွားရတာ ပါ။ ဆိုတော့ ဓားကတော့ လိုအပ်တဲ့နေရာမှာ အသုံးချဖို့ပစ္စည်းတစ်ခုအဖြစ်သာ ရှိနေမှာဖြစ်ပြီး ဒါကို အသုံးချသူတွေရဲ့ သုံးစွဲမှု၊ နေရာဌာနအလိုက် အရေးပါမှု၊ အရေးမပါမှု၊ အကျိုးရှိမှု၊ အကျိုးမရှိမှု၊ တန်ဖိုးရှိမှု၊ တန်ဖိုးမဲ့မှု စတာတွေ ဖြစ်သွားခြင်းဖြစ်ပါတယ်။

ခုနကပြောလိုက်တဲ့ ဗီဒီယိုဖိုင်လေးနှစ်ခုကိုပြန်ပြီးတော့ ပြောပြချင်ပါတယ်။ ပထမဗီဒီယိုဖိုင်လေးကတော့ လူသားတစ်ယောက်ကို မွေးဖွားပေးတဲ့ လက်နက်ပစ္စည်းအဖြစ် အသုံးဝင်ခဲ့ပြီးတော့ နောက်ဗီဒီယိုဖိုင်လေးတစ်ခုကတော့ သက်ရှိလူသားတစ်ယောက်ရဲ့ အသက်ကိုဆွဲနှုတ်လိုက်တဲ့ အကျိုးမဲ့ပစ္စည်းလေးအဖြစ် ရောက်သွားရခြင်းပဲဖြစ်ပါတယ်။ ဆရာဝန်အသုံးပြုလိုက်တဲ့အတွက် ဓားဟာ တန်ဖိုးရှိသွားတာဖြစ်ပြီး၊ အစွန်းရောက်သူ တစ်ယောက်ရဲ့ လူသတ်လက်နက်အဖြစ် အသုံးပြုလိုက်တဲ့အတွက် ဓားဟာ အကျိုးမဲ့ကို ဖြစ်သွားရခြင်း ဖြစ်ပါတယ်။ အမှန်ကတော့ ဓားနဲ့တော့ မဆိုင်ပါဘူး။ အသုံးချသူတွေအနေနဲ့သာ ဒီ ဓားရဲ့အတ္ထုပ္ပတ္တိဟာ ရုပ်လုံးကြွခြင်း ဖြစ်သွားတာမျိုး၊ အကျိုးသက်ရောက်မှုရှိသွားတာမျိုးဖြစ်ပါတယ်။

ဆိုတော့ ဒီဓားလေးကို အကြောင်းပြုပြီးတော့ လူငယ်တွေကို ပြောပြချင်ပါတယ်။ လူငယ်ပီပီ ဘဂဇာတ်ခုံဂက်ပါထဲရောက်နေခဲ့တဲ့အခါ အကျိုးရှိတဲ့လူ ဖြစ်ချင်သလား၊ အကျိုးမဲ့တဲ့လူ ဖြစ်ချင်သလားဆိုတာပါပဲ။ အသုံးချမှုနဲ့တော့ သိပ်မဆိုင်လှပေမယ့် ကိုယ်ပိုင်အသုံးချခြင်းအတွက်

မိမိအသိဉာဏ်၊ ဆင်ခြင်တုံတရား၊ လူသားပီသမှုစတဲ့ ထက်မြတဲ့ ဓားတစ်လက်ဖြစ်ချင်တာလား၊ သို့မဟုတ် သူတစ်ပါးကို အကျိုးယုတ်စေမယ့် ပျက်စီးစေမယ့် အကျိုးမဲ့စေမယ့် ဓားမျိုးဖြစ်နေချင်တာလား ဆိုတာ ဆန်းစစ်စေချင်ပါတယ်။

ကိုယ်တိုင်ပိုင်ဆိုင်တဲ့ အသိဉာဏ်ဟာ မိမိအတွက်ရော၊ သူတစ်ပါးအတွက်ပါ အသုံးချရမယ့်၊ အကျိုးရှိမယ့် လက်နက်အဖြစ်တည်ရှိနေခဲ့မယ်ဆိုရင်တော့ ဒါဟာ ကြီးမားတဲ့လူသားတစ်ယောက်ရဲ့ တန်ဖိုးကို ထွန်းပြနိုင်ခြင်းပဲဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ရင်တော့ ကိုယ့်ရဲ့မှားယွင်းတဲ့ အတွေးအခေါ်၊ အကြံအစည်ဆင်ခြင်တုံတရားကင်းမဲ့မှု၊ စာနာနားလည်မှုမရှိဘဲ အကျိုးမရှိတဲ့နေရာမျိုးမှာ အသုံးချလိုက်ရင်တော့ ကိုယ့်ဘဝဟာလည်း အလိုလိုနေရင်း တန်ဖိုးကျဆင်းသွားမှာဖြစ်ပါတယ်။ ဒီနှစ်ခုကတော့ ကိုယ်ပိုင်အသိဉာဏ်ရဲ့ အသုံးချမှုရဲ့ ရလဒ်ပါပဲ။

လူ့ဘဝဆိုတာ တကယ့်ကို ခဏလေးပါပဲ။ ဘာမှမကြာလိုက်ဘဲ ပျောက်ဆုံးသွားကြမယ့်လူတွေ ချည်းပါပဲ။ ခဏတာလေး လူ့ဘဝဆိုတဲ့ အိမ်ကြီးထဲမှာ ဧည့်သည်အဖြစ် လာရောက်ကြခြင်းပဲ ဖြစ်ပါတယ်။ တစ်နေ့တော့ အချိန်တန်ရင် သံသရာဆိုတဲ့ အိမ်ကြီးကို အသီးသီး ပြန်ကြရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ခဏတာလေးရောက်လာတဲ့ လူ့ဘဝဆိုတဲ့ ခန္ဓာအိမ်ကြီးကို အကျိုးရှိရှိ အသုံးချပြီးတော့ လူသားများအတွက် ကမ္ဘာလောကကြီးအတွက် ကိုယ် ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးကို အကျိုးရှိရှိ အသုံးချတဲ့အခါ အသိဉာဏ်ဆိုတဲ့ ထက်မြလှတဲ့ ဓားတစ်လက်အဖြစ် ဖန်တီးပြီးတော့ အမှန်တကယ် အကျိုးရှိတဲ့၊ တန်ဖိုးရှိတဲ့ လုပ်ဆောင်ချက်တွေနဲ့ လူသားတစ်ယောက်ရဲ့ ဘဝပုံရိပ်ကို ပုံဖော်သွားနိုင်ဖို့တော့ လိုအပ်ပါလိမ့်မယ်။

ဓားတစ်လက်ရဲ့တန်ဖိုးဟာ အသုံးချသူတွေအပေါ်မှာ မူတည်တယ်လို့

ခုနက ပြောခဲ့ပြီးပြီ။ တကယ်တော့ ဓားကိုယ်တိုင်ကတော့ သူ့ဘာသာသူ တည်ရှိနေခဲ့တဲ့အရာပါပဲ။ ဒီဓားရဲ့ထက်မြမှု၊ ချွန်မြမှုဆိုတာတွေကလည်း ဓားကိုကိုင်ဆောင်ထားသူရဲ့ ပြုပြင်မှုနဲ့ သက်ဆိုင်ပါတယ်။ ထိုနည်းတူစွာပဲ အရေးပါအရာရောက်မှုကိုလည်းပဲ ဓားကို အသုံးချသူတွေရဲ့လုပ်ရပ်နဲ့ သက်ဆိုင်ပါလိမ့်မယ်။ အသုံးချခြင်းခံရတာ နဲ့ ပတ်သတ်ပြီးတော့လည်း နည်းနည်းပြောပြချင်ပါတယ်။

လူတစ်ယောက်အနေနဲ့ ပတ်ဝန်းကျင်ရဲ့ အသုံးချမှုဆိုတာမျိုးကတော့ လူတိုင်းအနေနဲ့ အသုံးချခြင်းကို ခံရပါလိမ့်မယ်။ ဒီတော့ လူသားများစွာအတွက် ကိုယ်ဟာ အသုံးချခြင်းခံရတဲ့အခါ တကယ့်ကိုတန်ဖိုးရှိတဲ့ လက်နက်အဖြစ် အသုံးချခြင်းမျိုးခံရသူအဖြစ် တည်ရှိနေသင့်ပါတယ်။ အမှီဆိုတာမျိုးဟာ ဘယ်လိုပုဂ္ဂိုလ်အနေနဲ့ဖြစ်ဖြစ် အမှီပြုပြီးတော့ နေထိုင်ခဲ့ကြတဲ့လူတွေချည်းသာ ဖြစ်ပါတယ်။ ဆိုတော့ ကိုယ်တိုင်အမှီပြုပြီးနေခဲ့တဲ့ အရာဝတ္ထုတွေ၊ သက်ရှိလူသားတွေအတွက်လည်း ကိုယ်ဟာ ပြန်လည်ပြီးတော့ အသုံးပြုခြင်းကို ခံပေးရပါလိမ့်မယ်။ ဒါဟာလည်း မဖြစ်မနေ တွေ့ကြုံရမယ့် လုပ်ဆောင်ရမယ့် အချက်တစ်ခုပါပဲ၊ ဒီလိုဆိုရင်တော့ တကယ်ပဲ ကိုယ်ဟာ ပတ်ဝန်းကျင်ရဲ့ အရေးပါတဲ့၊ ကြီးမားတဲ့၊ စွမ်းအင်အပြည့်နဲ့ အကျိုးရှိတဲ့ အသုံးချခြင်းမျိုးကို တာဝန်ကျေကျေနဲ့ အသုံးချခြင်းခံခဲ့ရသလား၊ အများအတွက် တကယ့်ကို စွမ်းဆောင်ရည်အပြည့်နဲ့ လုပ်ဆောင်နိုင်ခဲ့သလားဆိုတာ စဉ်းစားပြီးတော့ လူသားတစ်ယောက်ရဲ့ အသက်ရှင်နေထိုင်မှုအတွက် ကိုယ့်ကိုယ်ကိုယ် ပြန်လည် ဆန်းစစ်ကြည့်တာမျိုး လုပ်ပေးစေချင်ပါတယ်။

ဓားနှစ်လက်ရှိတယ်။ တစ်လက်က သံချေးတက်နေတယ်။ တုံးနေတယ်။ တစ်လက်ကတော့ ထက်မြနေတယ်။ ပြတ်ရှနေတယ်။ ဒီဓားနှစ်ချောင်းကို အသုံးချတဲ့သူအနေနဲ့ တုံးနေတဲ့ဓားကို အသုံးပြုမှာ မဟုတ်ပါဘူး။ ထက်နေတဲ့ဓားကိုပဲ အသုံးပြုမှာ မဟုတ်ပါဘူး။ ထက်နေတဲ့ဓားကိုပဲ အသုံးပြုမှာ

ဖြစ်ပါတယ်။ ဒီအသုံးချခြင်းခံရမှုအပေါ်မူတည်ပြီးလည်း ဓားရဲ့တန်ဖိုး မြင့်တက်သွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အသုံးချခံရတဲ့ဓားက တန်ဖိုးမြင့်တက်နေပြီးတော့၊ အသုံးမချခံရဘဲ ချောင်ထိုးထားခံရတဲ့ဓားကတော့ တန်ဖိုးမဲ့နေပါလိမ့်မယ်။

ဒီသဘောပါပဲ။ လူသားတွေရဲ့ အသုံးချခြင်းကို များများခံရလေ၊ အဲဒီလူရဲ့တန်ဖိုးဟာ မြင့်တက်လေလေပါပဲ။ အသုံးမချဘဲ ချောင်ထိုးခံရတဲ့လူမျိုးဆိုရင်တော့ တန်ဖိုးတာလည်း အလိုလိုနိမ့်ကျနေခဲ့မှာ ဖြစ်ပါတယ်။ ဥပမာ - သမ္မတတစ်ယောက်ဟာ တိုင်းပြည်တစ်ခုက သူ့ကို လုပ်ဆောင်နိုင်တဲ့လူတစ်ယောက်အဖြစ် အားကိုးတကြီးနဲ့ အသုံးချခြင်းခံနေရတာမျိုး နဲ့ တန်ဖိုးမြင့်တက်နေတာမျိုးပေါ့၊ လမ်းဘေးမှာ မူးရူးရမ်းကားနေပြီးတော့ ဘာအတွက်မှ အသုံးမကျတဲ့လူမျိုးကျတော့ လူချင်းတူပေမယ့် အသုံးချခံရခြင်းအပေါ်မှာ မူတည်ပြီးတော့ တန်ဖိုးဟာ အလိုလိုနိမ့်ကျနေတာမျိုးပါပဲ။

ဒါကြောင့် လူငယ်တွေအနေနဲ့ တန်ဖိုးရှိတဲ့ လူများဖြစ်အောင် ကိုယ့်ရဲ့ အသိဉာဏ်နဲ့ နှလုံးသားကို သွေးထားရပါလိမ့်မယ်။ ဒီလို အသိဉာဏ်နဲ့ နှလုံးသားဆိုတဲ့ လက်နက်ကို ချွန်မြနေအောင်၊ ကိုယ့်ကိုယ်ကိုယ် သံချေးမတက်အောင် သွေးထားနေမယ်ဆိုရင်တော့ တကယ်ပဲ အများရဲ့ အကျိုးရှိတဲ့နေရာမျိုးမှာ အသုံးချခံရမယ်ဆိုရင်တော့ လူသားတစ်ယောက်အနေနဲ့ အဓိပ္ပာယ်ရှိလှတဲ့ ရှင်သန်မှုအဖြစ် တည်ရှိနေမှာ ဖြစ်ပါတယ်။

**မောင်မင်းစိုး**

Vol.1,No.23,2014// THE MYANMAR REVIEW JOURNAL

*

# လူငယ်နဲ့ ပညာရေး

ပညာရေးနဲ့ပတ်သက်ပြီးတော့ ဟိုတလောက မြန်မာနိုင်ငံမှာ လူငယ် (ကျောင်းသား)တွေ လမ်းပေါ်တက်ပြီး ဆန္ဒပြခဲ့ကြတယ်။ ဒါကတော့ အမျိုးသားပညာရေး ဥပဒေနဲ့ ပတ်သတ်ပြီး မထောက်ခံနိုင်တဲ့အတွက်ကြောင့်လို့ဆိုပါတယ်။ အဓိကတော့ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး၊ ဒီမိုကရေစီပညာရေးစနစ်ထွန်းကားရေး၊ ကျောင်းသားသမဂ္ဂဖွဲ့စည်းခွင့်ရရှိရေး စတဲ့ အခြေခံအချက် (၃)ချက်နဲ့အတူ အခြားအချက်အလက်များစွာအတွက် ဖြေရှင်းပေးဖို့အတွက် တောင်းဆိုဆန္ဒပြနေခဲ့ခြင်း ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ လေးရက်တိတိ လမ်းပေါ်ထွက်ခဲ့ပြီးတော့ တာဝန်ရှိသူတွေအနေနဲ့ တောင်းဆိုချက်တွေကို ရက်ခြောက်ဆယ်အတွင်းမှာ ခေါ်ယူညှိနိုင်းဖြေရှင်းပေးဖို့ ကိစ္စအတွက်ဆန္ဒပြုထားခဲ့ပါတယ်။ တကယ်လို့ ဘာမှမတုံ့ပြန်ခဲ့ဘူးဆိုရင်တော့ ဆက်လက်ပြီးတော့ ဒါထက်အဆများစွာကြီးမားတဲ့ သပိတ်ပွဲကြီးဆင်နွှဲဖို့ကိုလည်း တပ်လှန့်ထားပါတယ်။ ဒါနဲ့ တစ်ပြိုင်နက် ဟောင်ကောင်မှာလည်း ကျောင်းသားတွေအနေနဲ့ လမ်းတွေပေါ်မှာ ရက်ပေါင်းများစွာဆန္ဒပြပွဲကြီး ဆင်နွှဲခဲ့ကြပါတယ်။ သူတို့ကတော့ အုပ်ချုပ်ရေးယန္တရားမှာ ပြည်မကြီးရဲ့ ချုပ်ကိုင်မှုကနေကင်းလွတ်ပြီးတော့ သူတို့ပြည်နယ်မှာ သူတို့ကိုယ်တိုင် လွတ်လပ်ပြီး တရားမျှတစွာရွေးချယ်တဲ့လူကသာ ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်အောင်လုပ်စေဖို့အတွက် တောင်းဆိုတဲ့ဆန္ဒပြပွဲပဲဖြစ်ပါတယ်။

နောက် မရှေးမနှောင်းဆိုသလို မူလတန်းကျောင်းသားတွေကလည်း ကျောင်းမတက်ဘဲနဲ့ လမ်းပေါ်ထွက်ပြီးတော့ ပိတ်ဆို့သွားတဲ့လမ်း ဖွင့်ပေးဖို့ဆိုပြီး တောင်းဆိုဆန္ဒပြမှုတွေ ဖြစ်ပေါ်လာခဲ့ပြန်တယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဆူညံသံတွေ ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ် လူငယ်နဲ့ပညာရေးဆိုတာလေး ရေးဖို့ ဒီခေါင်းစဉ်လေး ပေးလိုက်ပါတယ်။

ပညာဟာ ကမ္ဘာမှာအရေးကြီးတဲ့ အခန်းကဏ္ဍကနေ တည်ရှိနေပါတယ်။ အရာရာကို ပညာနဲ့ပဲ ဆုံးဖြတ်၊ သုံးသပ်ပြီးတော့ ပညာကသာလျှင် ဦးဆောင်နေခဲ့ပါတယ်။ ဒါကြောင့် ပညာဟာ အရေးပါတဲ့အချက်တစ်ခုလို့ဆိုချင်ပါတယ်။ ပညာနဲ့ ပတ်သက်ပြီးတော့ မြန်မာမှုနယ်ပယ်မှာလည်း ဆိုရိုးစကားတွေ များစွာရှိနေခဲ့ပါတယ်။ “ပညာနဲ့တူသော အလင်းရောင်ဟူသည် မရှိ”၊ “ပညာလို အိုသည်မရှိ”၊“ ပညာရွှေအိုး လူမခိုး” … စတဲ့စကားတွေဖြစ်ပါတယ်။ ဘယ်နိုင်ငံမဆို ပညာကို ဦးစားပေးနေကြသလို၊ အခွင့်အရေးလည်း ပေးလာကြပါတယ်။ မြန်မာနိုင်ငံမှာရော ပညာနှင့်ပတ်သတ်တဲ့ လွတ်လပ်ခွင့်တွေ ပေးလာပြီလား။

ပညာရေးနှင့် ပတ်သက်ပြီးတော့ ကုလသမဂ္ဂရဲ့ ညွှန်းကိန်းကတော့ ပညာရေးကို လူသားတိုင်း ကိုယ်ပိုင်အရည်အသွေးများ တိုးတက်ဖြစ်ပေါ်ပြည့်ဝလာစေဖို့၊ လူ့အခွင့်အရေးအခြေခံ လွတ်လပ်ခွင့်များကို လေးစားမှု ပိုမိုကဲလာစေရန် ဦးတည်ထားဖို့ တိုက်တွန်းထားပါတယ်။ ပညာရေးဆိုတာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ တစ်လူမျိုးနဲ့ တစ်လူမျိုး၊ ဘာသာရေးအသင်းအဖွဲ့တစ်ခုနဲ့ တစ်ခု၊ လူမျိုးရေးတစ်ဦး နဲ့တစ်ဦးကြားမှာ နားလည်မှု၊ သဘောထားကြီးမှု၊ ချစ်ကြည်ရင်းနှီးမှု စတာတွေကို တိုးတက်ဖြစ်ပေါ်စေရန်၊ ကမ္ဘာ့ငြိမ်းချမ်းရေးတည်တံ့စေရန်.. စတဲ့ မူဝါဒတွေအပေါ်အခြေခံပြီးတော့ ပညာရေးလမ်းကြောင်း လျှောက်လှမ်းနိုင်ရန် ဆိုပြီး တိုက်တွန်းထားပါတယ်။

ဆိုတော့ ခုနကပြောခဲ့တဲ့သ သတင်းတွေထဲက လူငယ်တွေအနေနဲ့ လမ်းပေါ်ထွက်နေကြခြင်းတွက် တချို့ဝေဖန်သံတွေကိုလည်း ကြားခဲ့ရပါတယ်။ "ကျောင်းသားဆိုတာ ကျောင်းစာတွေပေါ်မှာ အချိန်ကုန်လွန်နေရမှာမျိုး၊ အခုလမ်းပေါ်ထွက်နေရတာ ကို သူတို့က အဟုတ်ကြီးထင်နေတယ်။ တချို့ဆို မူလတန်းအရွယ်ကျောင်းသားတွေကို လမ်းပေါ်ရောက်အောင် ဆွဲခေါ်လာတာဟာ နိုင်ငံရေးအမြတ်ထုတ်ချင်လို့သာ ဖြစ်တယ်" စတဲ့ ဝေဖန်သံ၊ ကဲ့ရဲ့သံ၊ ပြစ်တင်သံတွေ ကြားခဲ့ပါတယ်။ ဒီတော့ ကျောင်းသားတွေဟာ နိုင်ငံရေးလုပ်သင့်သလား၊ နိုင်ငံရေးမှာ ထဲထဲဝင်ဝင်လုပ်နေခြင်းဟာ သင့်လျော်ပါသလားဆိုတဲ့ မေးခွန်းတွေလည်း ထွက်ပေါ်လာခဲ့ပါတယ်။

တကယ်ကတော့ နိုင်ငံရေးဆိုတာ ဘယ်သူလုပ်ရမယ်၊ မလုပ်ရဘူးဆိုတဲ့ သတ်မှတ်ချက်မျိုးတော့ မရှိသင့်ပါဘူး။ ရှိရင်လည်း အဲဒါ နိုင်ငံရေးစံ မဟုတ်ပါဘူး။ တကယ်တော့ နိုင်ငံရေးဆိုတာ လူသားအားလုံး၊ နိုင်ငံသားတိုင်းဆိုင်တဲ့အရေးကိစ္စမှန်သမျှဟာ နိုင်ငံရေးပါပဲ။ ဘယ်ဟာကိုလုပ်မှ နိုင်ငံရေးဖြစ်တယ်။ ဘယ်ဟာ မလုပ်ရင် နိုင်ငံရေးမဟုတ်ဘူးလို့ ခွဲခြားလို့ သတ်မှတ်လို့တော့ မရပါဘူး။

ဒီတော့ နိုင်ငံတော်သမ္မတကြီးက အစ၊ ကျောင်းသားတွေအလယ် ၊ သူတောင်းစားတွေအဆုံး သူတို့လုပ်ရမယ့်ဟာတွေကို လုပ်နေကြခြင်းဟာ နိုင်ငံရေးလုပ်နေကြခြင်းပါပဲ။ ဆိုက်ကားဆရာ ဆိုက်ကားနင်းနေတာဟာ နိုင်ငံရေးပါပဲ။ ထိုနည်းတူစွာပါပဲ အိမ်မှာရှိနေရစ်တဲ့ ဇနီးလုပ်သူအနေနဲ့ စားဖို့ သောက်ဖို့၊ ချက်ပြုတ်ဖို့ ပြင်ဆင်နေရတာ ကလည်း နိုင်ငံရေးပါပဲ။ ဆိုတော့ အားလုံးကတော့ သူ့ကိစ္စနဲ့သူ လုပ်ဆောင်နေကြဖို့တော့ လိုအပ်ပါတယ်။ ကျောင်းသားတွေအနေနဲ့ ကျောင်းစာတွေနဲ့ အချိန်ကုန်နေရမှာဆိုသော်လည်း အရေးကိစ္စတွေ ကြုံလာတဲ့အခါ၊ အခါအခွင့်ကြုံလာရင်တော့ လမ်းတွေပေါ်ထွက်ခဲ့ကြမှာပါပဲ။ ထွက်လည်းထွက်နေကြတာပါပဲ။ နောက်လည်း

ထွက်နေကြဦးမှာပါပဲ။

ဆိုတော့ ပညာဟာ တကယ်တော့ ကျောင်းသားတွေတင်ဆိုင်တဲ့ ကိစ္စရပ်မဟုတ်ပါဘူး။ လူသားတိုင်းနဲ့ ဆိုင်တဲ့ကိစ္စရပ် ဖြစ်ပါတယ်။ ဒီတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လျှောက်နေခဲ့သူဖြစ်ပေမယ့် သူဟာလည်း ပညာကို အမှီပြုပြီးတော့ ရပ်တည်နေခဲ့မယ်၊ လျှောက်နေခဲ့မယ်ဆိုရင် ပိုပြီးအောင်မြင်မှုဆီကိုလှမ်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လူတိုင်းအတွက် ပညာရေးဖြစ်ဖို့ လိုအပ်ပါတယ်။ လူသားတိုင်းလည်း သင်ယူနိုင်ဖို့ ဖန်တီးထားရမှာလည်း ဖြစ်ပါတယ်။ ပညာရေးဟာ ဘယသူ့အတွက်ဆိုတဲ့ ကန့်သတ်ချုပ်ချယ်လို့မရတော့ပါဘူး။ ဒီလို ကန့်သတ်မှုတွေရှိနေတဲ့ ပါကစ္စတန်လိုနိုင်ငံမှာတောင် တက်ကြွစွာ လှုပ်ရှားသူအဖြစ် မာလာလာဆိုတဲ့ အမျိုးသမီးတစ်ဦး ရဲရဲတောက် ပေါ်ထွက်လာခဲ့ပါတယ်။ သူ့အနေနဲ့ အသက်နဲ့ရင်းပြီးတော့ အမျိုးသမီးများပညာသင်ကြားရေးအတွက် တိုက်ပွဲဝင်ခဲ့တာမျိုး ဖြစ်ပါတယ်။ အခုတော့ အသက်ငယ်ဆုံး နိုဗယ်ငြိမ်းချမ်းရေးဆုရှင်အဖြစ် သူမလည်း ကြီးကျယ်လှတဲ့ဆုတံဆိပ်ကြီးကို ချီးမြှင့်ခြင်းကို ခံခဲ့ရပါတယ်။ ဆိုတော့ ဒါဟာ ပညာအတွက်ပဲ၊ ပညာနဲ့တိုက်ပွဲဝင် လိုက်ခြင်းပဲဖြစ်ပါတယ်။

ပညာကို လူတိုင်း ဘာဖြစ်လို့ တတ်ဖို့လိုတာလဲဆိုတဲ့ အဖြေကတော့ အစစအရာရာ ခေတ်နောက်မကျအောင်လို့ သာမန်အဖြေပေးရင်လည်း ရပါတယ်။ ပြဿနာအရပ်ရပ်ကို ကျော်လွှားသွားနိုင်ဖို့ဆိုတာ ပညာကသာ အခရာကျပါတယ်။ ပညာနဲ့ ဖြေရှင်းမယ်ဆိုရင်တော့ တိုင်းရေးပြည်ရေးကိစ္စပဲဖြစ်ဖြစ်၊ အခြားလူမှုရေး၊ ဘာသာရေးစတဲ့ ကိစ္စရပ်တွေမှာပဲဖြစ်ဖြစ် အဆင်ပြေချောမွေ့ပြီးတော့ သွားရစမြဲပါပဲ။ ဒါကြောင့် လူငယ်တွေဟာ ပညာရပ်အသီးသီးကိုလေ့လာဖို့ လိုအပ်ပါတယ်။ သင်ယူဖို့ လိုအပ်ပါတယ်။ ပညာနဲ့ ပတ်သတ်ပြီးတော့ ပြဿနာကို ရိုးစင်းစွာဖြေရှင်းသွားတဲ့ကိစ္စရပ်လေးတစ်ခုကိုလည်း အကျဉ်းအနေနဲ့

ပြောပြချင်ပါတယ်။ အကြောင်းအရာလေးကတော့
နည်းနည်းရိုင်းကောင်းရိုင်းနေလိမ့်မယ်လို့ ထင်ပါတယ်။ ဒါပေမယ့်
အကြောင်းအရာလေးကိုပဲ အဓိကထားပြီး ပြောပြလိုက်ရင်း ဖြစ်ပါတယ်။

တစ်ခါက ရှင်ဘုရင်တစ်ပါးမှာ ပညာတတ်၊ ရုပ်ချော၊ အစစအရာရာ ခံစားနားလည်၊ ဆုံးဖြတ်နိုင်တဲ့ မိဖုရားတစ်ပါးရှိတယ်။ နောက်ပြီးတော့ တိုင်းရေးပြည်ရေးကို စီမံအုပ်ချုပ်နိုင်တဲ့ ပညာရှိအမတ်တစ်ယောက်လည်း ရှိပါတယ်။ အဲဒီ နှစ်ယောက်ကတော့ ဘုရင်ကြီးရဲ့ လက်ရုံးတွေပါပဲ။ ဆိုတော့ တစ်နေ့ မိဖုရားကြီးကို ခေါ်ပြီး အဆောင်တစ်ခုအကူးမှာ အောက်မှာရှိနေတဲ့ ပညာရှိအမတ်ကြီးက မိဖုရားကြီးရဲ့ မမြင်အပ်သင့်တဲ့အရာကို က မစားနိုင်၊ မအိပ်နိုင်ဖြစ်လောက်အောင် စွဲလမ်းသွားခဲ့ပါတယ်။ ရက်တွေကြာလာတော့ ဒီအခြေအနေကိုသိတဲ့ မိဖုရားကြီးက ရိပ်မိတာကြောင့် ပညာရှိအမတ်ကြီးကို အသာခေါ်ခိုင်းလိုက်တယ်။

ရောက်တော့ ရွှေခွက်၊ ငွေခွက်၊ ကြေးခွက်၊ သံခွက်စတဲ့ ခွက်တွေထဲကို ရေထည့်ပြီး သောက်ခိုင်းပါတယ်။ နောက်ပြီးတော့ ဘယ်ရေက ပိုပြီးအရသာရှိသလဲလို့ မေးပါတယ်။ ဒီတော့ ပညာရှိအမတ်က အတူတူပါပဲလို့ ဆိုပါတယ်။ ဒီတော့မှ မိဖုရားကြီးက ရေကရေပါပဲ။ ဘယ်ခွက်ထဲထည့်သောက်သောက် ဒီအရသာပါပဲလို့ အရိပ်အမြွက်ပြောလိုက်တော့ ပညာရှိတဲ့အမတ်ကြီးပီပီ ဘာဆိုလိုတာကို ချက်ချင်းသိသွားခဲ့ပြီး မစွဲလမ်းတော့ဘဲ အရင်လို တိုင်းရေးပြည်ရေးတွေမှာ စိတ်ပါလက်ပါ လုပ်ဆောင်ပါတော့တယ်။

အဲဒါဟာ ပညာပါပဲ။ လူသားတိုင်း ပညာတတ်ပါစေ၊ လူငယ်တိုင်း ပညာတတ်ပါစေ၊ ပညာနဲ့ လူ့အဖွဲ့အစည်းကို ဦးဆောင်နိုင်ပါစေလို့ ဆိုချင်ပါတယ်။

**မောင်မင်းစိုး**

*

# လူငယ်နဲ့ ယမမင်းစိတ်ဓာတ်

ပထမဦးဆုံး ယမမင်းရဲ့အကြောင်းကို အရင်ပြောပြချင်ပါတယ်။ မြန်မာလူမျိုးတွေအနေနဲ့ကတော့ ဒီယမမင်းဆိုတဲ့အသံကို ကြားဖူးကြပြီးသားပါ။ ယမမင်းဆိုတာ ဘယ်လိုဘုံ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးဆိုတာလည်း တွေးတောပြီးတော့ မြင်မိကြပါလိမ့်မယ်။ ဒါပေမယ့် ယမမင်းဆိုတာ မကောင်းတဲ့ပုဂ္ဂိုလ်ကြီးလို့ အောက်မေ့ကြလိမ့်မယ်လို့ထင်ပါတယ်။ တကယ်တော့ ယမမင်းဆိုတာ သူတော်ကောင်းကြီးပါ။ ဒါကြောင့် သူတော်ကောင်းဖြစ်တဲ့ ယမမင်းကြီးရဲ့ စိတ်ထားမျိုးကို လူငယ်တွေ အတုယူစေချင်တဲ့ဆန္ဒနဲ့ ယမမင်းကြီးနဲ့ အနည်းငယ် မိတ်ဆက်ပေးချင်ပါတယ်။

ယမမင်းဆိုတာ နတ်ပြည်ခြောက်ထပ်မှာ ပထမဦးဆုံးအပါအဝင်ဖြစ်တဲ့ စတုမဟာရာဇ်နတ်ပြည်မှာ အပါအဝင်ဖြစ်တဲ့ ဝေမာနိကပြိတ္တာဖြစ်ပါတယ်။ တစ်ခါတလေ နတ်စည်းစိမ်ခံစားပြီး တစ်ခါတစ်လေမှာတော့ မကောင်းမှုအကုသိုလ်အကျိုးကြောင့် ရိုးရိုးပြိတ္တာတစ်ယောက်လို ခံစားရသူဖြစ်ပါတယ်။ တကယ်တမ်းတော့ ယမမင်းဆိုတာ တစ်ယောက်တည်းရှိတာ မဟုတ်ပါဘူး။ ယမမင်းပေါင်း များစွာရှိပါတယ်။ သူတို့လည်း လူတွေလို ရုံးစိုက်ရာဌာနများစွာရှိပါတယ်။ သူတို့အလုပ်ကတော့ လူ့ပြည်ကစကားနဲ့ နှိုင်းယှဉ်ပြီးတော့ ပြောရရင်တော့ တရားသူကြီးအလုပ်ကို လုပ်ကြရတာ ဖြစ်ပါတယ်။

သူတို့အလုပ်က တကယ်လို့ ငရဲရောက်လာတဲ့လူကို ဒီငရဲပြည်ကနေ လွတ်လို့လွတ်ကြောင်း မေးမြန်းရတဲ့အလုပ်ကို လုပ်ကြရသူတွေ ဖြစ်ပါတယ်။

သူတို့အနေနဲ့ ငရဲပြည်ကိုရောက်လာတဲ့ တရားခံတွေကို အပြစ်ရှာပြီးတော့
ငရဲချလိုတဲ့ ရည်ရွယ်ချက်နဲ့ မေးမြန်းကြတာ၊ စစ်ဆေးကြတာမျိုး မဟုတ်ဘဲ
ငရဲကျမယ့်သူကို မကျရအောင်ဆိုပြီးတော့ လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုလေးတွေကို
ပြန်လည်အမှတ်ရမိအောင် အစဖော်ပြီးတော့ အမှတ်ရစေဖို့အတွက်၊
အမှတ်ရပြီးတော့ ငရဲပြည်ကနေ လွတ်စေဖို့အတွက် စစ်ဆေးမေးမြန်းကြတဲ့သူတွေ
ဖြစ်ပါတယ်။ ဒါကြောင့် ယမမင်းဆိုတာ လူယုတ်မာ မဟုတ်ပါဘူး။
တရားစောင့်တဲ့မင်းကောင်းမင်းမြတ်ဖြစ်ပါတယ်။ ဒီနေရာမှာ သူတို့ရဲ့
စစ်ဆေးပုံလေးကိုလည်း တစ်ခုလောက် နည်းယူစေရန်၊ မှတ်သားနိုင်ရန်
တစ်ခုလောက် ထုတ်ပြချင် ပါတယ်။

ယမမင်း - မောင်မင်း၊ လူ့ပြည်မှာတုန်းက မင်းအနေနဲ့
မိမိကျင်ကြီးကျင်ငယ်ကိုတောင် မသုတ်သင်
နိုင်ဘဲ ကျင်ကြီးကျင်ငယ်ထဲမှာ လူးကာ၊ လိမ့်
ကာ နေရရှာတဲ့ကလေးများကို မတွေ့ခဲ့မိ
ဘူးလား။

ငရဲသား - တွေ့ခဲ့ဖူးပါတယ်။

ယမမင်း - အေး အဲဒီ လိုတွေ့ခဲ့တော့ မိမိကိုယ်တိုင်
နားလည်တဲ့အရွယ်ကို ရောက်တဲ့အခါမှာ အဲဒီ
ကလေးကို ကြည့်ပြီးတော့ "ငါဟာ ဘာမှ
နားမလည်ရှာတဲ့ ဒီလိုကလေးသူငယ်ဖြစ်ဖို့ရာ
နောင်အခါ ပဋိသန္ဓေ နေရဦးမယ်၊ ပဋိသန္ဓေ
နေရခြင်းသဘောကို မလွန်မြောက်နိုင်သေး

ပါလား၊ ဒါကြောင့် ဒီအချိန်က စပြီးတော့

ကိုယ် နှုတ် စိတ်များကို စောင့်စည်းပြီးတော့

ကုသိုလ်ကောင်းမှုတွေလုပ်ပြီးတော့ ကောင်း

မွန်စွာနေတော့မယ်” ဆိုတဲ့ အကြံအစည်

များ မဖြစ်ခဲ့ဘူးလား။

ငရဲသား - ဟုတ်ကဲ့၊ ကျွန်တော်မျိုး မေ့လျော့နေခဲ့တဲ့

အတွက် ကုသိုလ်ကောင်းမှုကို စိတ်မဝင်စား

မိခဲ့ပါ။

ယမမင်း - မောင်မင်း၊ မကောင်းမှုတွေဆိုတာ မင်းရဲ့

အဖေ၊ အမေ၊ ဆွေမျိုးတွေ၊ ဆရာသမား

တွေ စတဲ့သူတွေက ပြုပေးခဲ့တာ မဟုတ်ဘူး။

မင်းကိုယ်တိုင် ပြုလုပ်ခဲ့တာ ဖြစ်တယ်။ ဒါ

ကြောင့် ကိုယ်ပြုတဲ့အမှုကို ပြုခဲ့သမျှအပြစ်

ဒဏ်ကို မေ့လျော့သူတို့ ထုံးစံအတိုင်း မောင်

မင်း ခံချေဦးတော့။

ဒီလိုနည်းတွေနဲ့ စစ်ဆေးပြီးတော့ နောက်ဆုံးယမမင်းဟာ “ဒီကောင် … ကုသိုလ်ပြုခဲ့တုန်းက ငါ့ကို အမျှဝေဖူးသလား” ဆိုတာ စဉ်းစားပြီးတော့ အစဖော်ပေးတာမျိုးကို ပြုလုပ်ပါတယ်။ အဲဒီ လိုလုပ်ခဲ့တာကို မေ့နေရာကနေတစ်ခါ ပြန်လည်အမှတ်ရရင်လည်း ဒီငရဲပြည်ကနေ လွတ်မြောက်ပြီးတော့ နတ်ပြည် စတဲ့ ကောင်းတဲ့ ဘဝကို ရောက်သူများစွာလည်း ရှိခဲ့ပါတယ်။ ဒီလို မေးလို့မှ ဘာမှ

ပြန်လည်အမှတ်မရတာ မျိုး၊ မလုပ်ခဲ့တာမျိုးဆိုရင်တော့ ယမမင်းလည်း ဘာမှမတတ်နိုင်ဘဲ ငရဲကျရ တာမျိုးဖြစ်ပါတယ်။

ဒီတော့ ယမမင်းဟာ ဘယ်လောက် သူတော်ကောင်းဆန်တဲ့မင်း၊ ဘယ်လောက်တောင်မှ စိတ်ထားကောင်းတဲ့၊ နူးညံ့တဲ့မင်းဆိုတာ စဉ်းစားကြည့်ပါ။ ဒီမှာ ဖြစ်နေတဲ့ တရားသူကြီးတွေအနေနဲ့လည်း ဒါကို အတုယူသင့်ပါတယ်။ များသောအားဖြင့်တော့ ပြစ်မှုကို မရရအောင် မေးတာမျိုးဘဲ ရှိပြီးတော့၊ ပြစ်မှုကနေ လွတ်မြောက်အောင် ပြုလုပ်တာမျိုးလုပ်တဲ့ တရားသူကြီးဆိုတာ ရှားပါတယ်။ တစ်ခုတော့ ရှိတာပေါ့လေ ဒါက တကယ် ကျူးလွန်မိရင်လည်း သူနဲ့ထိုက်တန်တဲ့ ပြစ်ဒဏ်ကိုတော့ စီရင်ချက် ချနိုင်ရမှာပေါ့။

ခက်တာက တရားဥပဒေစိုးမိုး၊ ပွင့်လင်းမြင်သာမှုမရှိကြတော့ အပြစ်မဲ့ပြည်သူပြည်သားတွေဟာ တရားရုံးတွေမှာ နေ့စဉ်နဲ့အမျှ စုပုံပြီးတော့ ရောက်နေခဲ့ကြရတယ်။ တောင်သူတွေဆို တောင်ယာလုပ်ငန်းတွေကိုတောင် မလုပ်နိုင်ခဲ့ကြရဘူး။ ဒီတရားရုံးတွေမှာ တဖွဲ့ဖွဲ့ဆိုသလို ရောက်နေခဲ့ကြရတယ်။ အခြား ကျောင်းသားတွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေကအစ နယ်ပယ်အသီးသီးက ပြစ်မှုမထင်ရှား၊ မကျူးလွန်တဲ့လူတွေကို ပုဒ်မတွေတပ်ပြီးတော့ မကျကျအောင် လုပ်ဆောင်တာမျိုးတွေကို တရားသူကြီးတွေအနေနဲ့ ယမမင်းရဲ့ ထုံးကို နှလုံးမူပြီးတော့ ဆောင်ရွက်သင့်ပါတယ်။

ဒီတော့ လူငယ်တွေအနေနဲ့လည်း ယမမင်းရဲ့ စိတ်ဓာတ်ကို အတုယူဖို့ လိုအပ်ပါတယ်။ လူငယ်တွေဆိုတာ အနာဂတ်ရဲ့ဇာတ်ဆောင်တွေဖြစ်ပါတယ်။ ဒီလိုဇာတ်ဆောင်ကြတဲ့အခါမှာ ကိုယ်ပါဝင်သရုပ်ဆောင်ကြရမယ့် ဇာတ်ရုပ်တွေမှာ တာဝန်ကျေဖို့၊ ပီပီသသသရုပ်ဆောင်နိုင်ဖို့ အရမ်းပဲ လိုအပ်ပါတယ်။ ဒါမှသာ တိုင်းပြည်ရဲ့ကံကြမ္မာဟာ ကောင်းမွန်တဲ့အနေအထားနဲ့ အပြောင်းအလဲတွေ ဖြစ်လာမှာ ဖြစ်ပါတယ်။

ခုနကပြောခဲ့တဲ့ ယမမင်းကြီးကို ပြန်ကြည့်ပါ။ သူဟာ သူလုပ်ရမယ့်အလုပ်ကို တကယ်ပဲ တာဝန်ကျေအောင် လုပ်နိုင်ခဲ့ပါတယ်။ ဒီလိုလုပ်တဲ့အခါမှာ စိတ်ဆိုး ဒေါသထွက်ပြီးတော့ဖြစ်ဖြစ်၊ ကြောက်လို့ပဲဖြစ်ဖြစ်၊ ချစ်လို့ပဲဖြစ်ဖြစ်၊ မသိဟန်ပြုပြီးတော့ပဲဖြစ်ဖြစ် မဟုတ်တာမလုပ်ပါဘူး။ တရားသဖြင့်ပဲ ပြုမူဆောင်ရွက်ခဲ့ပါတယ်။ တကယ့်ကိုမွန်မြတ်တဲ့စိတ်ထားနဲ့ ပြည့်စုံလှပါတယ်။ ဒါကို အတုယူနိုင်ရပါမယ်။

ကိုယ်ကျင့်လည်ရာဝန်းကျင်မှာပဲဖြစ်ဖြစ်၊ လုပ်ငန်းတာဝန်ကိစ္စရပ်တွေမှာပဲဖြစ်ဖြစ် ပြစ်မှုတွေ၊ ပြဿနာဆိုတာတွေကတော့ တစ်ခုမဟုတ်တစ်ခုကတော့ မတွေ့ဘဲမနေဘူး။ မုချကို တွေ့ကြုံရပါလိမ့်မယ်။ ဒီလိုတွေ့ကြုံတဲ့အခါမှာ တကယ့်ကို သက်ညှာတဲ့ စဉ်းစားမှုကနေ ဖြေလျှော့ပြီးတော့ ဒီကိစ္စကို ဖြေရှင်းပေးနိုင်ရပါလိမ့်မယ်။ လူတိုင်းကတော့ အမှားနဲ့ ဘယ်သူမှကင်းနိုင်မှာ မဟုတ်ကြပါဘူး။ ဘယ်သူမှလည်း ကင်းခဲ့ကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဘာမှမဟုတ်တဲ့ပြစ်မှုလေးတွေနဲ့ အဖွဲ့အစည်းတွေက ထုတ်ပယ်ပစ်တာမျိုး၊ ကြီးမားတဲ့ ပြစ်ချက်တွေကို၊ ဒဏ်တွေပေးလိုက်တာမျိုးကို သတိထားပြီးတော့ တတ်နိုင်သမျှ ကောင်းတာလေးတွေကိုပဲ ကြည့်ပြီးတော့ ဖြေလျှော့ပေးနိုင်တဲ့၊ မွန်မြတ်တဲ့စိတ်ထားတွေ ထားနိုင်ကြဖို့ လိုအပ်ပါတယ်။

အမှားဆိုတာကတော့ ခုနကပြောသလို ဘယ်သူမှကင်းမှာ မဟုတ်ပါဘူး။ အမှားကို အမှားမှန်း သိစေဖို့၊ သိအောင်လုပ်ဖို့တော့ လိုပါတယ်။ သိရင်လည်း သိတဲ့အတိုင်း ဒီအမှားကို သူတော်ကောင်းစိတ်ဓာတ်နဲ့ ဝန်ခံနိုင်ဖို့၊ ဝန်ခံအောင်လုပ်ဖို့တော့ လိုပါတယ်။ နောက်တစ်ခါလည်း မမှားရအောင် ပြုပြင်ဖို့၊ ပြုပြင်နိုင်အောင် လုပ်ဖို့တော့လိုပါတယ်။ ဒီလိုနည်းနဲ့တစ်ယောက်ကိုတစ်ယောက်၊ တစ်ဖွဲ့ကိုတစ်ဖွဲ့ ကြည့်ရှုပြီးတော့ ဖြစ်ခဲ့တဲ့ အာဃာတတွေကို ထပ်ပြီးမကြီးမားအောင် မေတ္တာစိတ်လေးနဲ့ အတူတကွယှဉ်တွဲပြီးတော့ မတူတာလေးတွေ ဘေးဖယ်၊

တူတာလေးတွေကိုအရင်ဦးဆုံးပူးပေါင်းဆောင်ရွက်မယ်ဆိုရင်
ဘယ်အဖွဲ့အစည်းပဲဖြစ်ဖြစ်၊ ဘယ်တိုင်းပြည်ပဲဖြစ်ဖြစ်
အောင်မြင်တဲ့လမ်းကြောင်းပေါ်ကို တဖြည်းဖြည်းနဲ့ တိုးတက်သွားနိုင်ပါလိမ့်မယ်။

ဒါကြောင့် ယမမင်းထုံး နှလုံးမူပြီး အားလုံးကောင်းစားရေးကို
ရှေ့ရှုသွားနိုင်အောင် ပုံဖော်ပေးနိုင်ကြတဲ့ လူငယ်လေးတွေ ဖြစ်ကြပါစေ။
ကမ္ဘာမြေငြိမ်းချမ်းဖို့ တိုင်းပြည်ငြိမ်းချမ်းဖို့အရေး အင်တိုက်အားတိုက်နဲ့
တက်ညီလက်ညီလက်တွဲလျှောက်လှမ်းနိုင်သူတွေ ဖြစ်ကြပါစေလို့
တိုက်တွန်းလိုက်ပါတယ်။ ။

**မောင်မင်းစိုး**

Vol.1,No.25,2014// THE MYANMAR REVIEW JOURNAL

*

# လူငယ်နဲ့ အာခံခြင်း

အာခံခြင်းဆိုတဲ့စကားလုံးလေးကို တွေးဖြစ်တယ်။ ဒါကတော့ တစ်နေ့ လမ်းလျှောက်သွားရင်း မိခင်ဖြစ်သူက သားဖြစ်သူကို "နင့်က ငါ့ကို အာခံတာပေါ့" ဆိုပြီးတွေ့ရာနဲ့ ကောက်ပေါက်လိုက်တဲ့ မြင်ကွင်းတစ်ခုကို တွေ့ခဲ့တယ်။ ဒါကြောင့် ပြန်လာရာ တစ်လမ်းလုံးလိုလို ဒီအာခံခြင်းနဲ့ ပတ်သက်ပြီးတော့ တွေးဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာတော့ အာခံခြင်းနဲ့ ပတ်သက်ပြီးတော့ ပြောပြလိုက်ပါတယ်။

ညရောက်တော့ ဒီစကားနဲ့ပတ်သက်ပြီးတော့ နိုင်ငံခြားမှာနေတဲ့ သူငယ်ချင်းနဲ့ ကြုံတုန်းအွန်လိုင်းကနေ ထပ်ပြီးတော့ ပြောဖြစ်ခဲ့ကြတယ်။ ဒီစကားလုံးမျိုးကို သူတို့ဆီမှာတော့ ဆင်တူယိုးမှားအနေနဲ့ သုံးစွဲပြီးတော့ ဒီလိုမျိုး ပြောဆိုဆုံးမတာမျိုးကိုတောင် မတွေ့မိဘူးလို့ ဆိုပါတယ်။ ဒီစကားလုံးဟာ မြန်မာ့ယဉ်ကျေးမှုတစ်ခုလို့ဆိုရမယ်ထင်ပါတယ်လို့ သူကပြောပါတယ်။

"မဟုတ်မခံ၊ ခွန်းတုံ့ပြန်က၊ မှန်သော်လည်း ရှုံး လူကြီးမုန်း၏ " ဆိုတဲ့ ကဗျာလိုလို၊ ဆိုရိုးလိုလို စကားတစ်လုံးလည်း ရှိတယ် မဟုတ်လား။ ဒီလိုပါပဲ ခပ်ဆင်ဆင်စကားတစ်ခွန်း ရှိပါသေးတယ်။ "ဆရာကာပြန် အာခေါင်လှံစူး" ဆိုတဲ့ စကားလုံးပါပဲ။ အမှန်ကတော့ ဒီစကားလုံးတွေရဲ့ အခြေခံဇစ်မြစ်ကို လိုက်ရှာကြည့်တဲ့အခါ ဂါရဝတရားနဲ့ နိဝါတတရားဆိုတဲ့ မင်္ဂလာနှစ်ပါးကနေ ပေါက်ဖွားလာတယ်လို့ ထင်ပါတယ်။ ရိုသေလေးစားမှု၊ ကိုယ့်အတ္တ၊ မာန ကိုနှိမ့်ချလိုက်မှုပါပဲ။ ဆိုတော့ အထက်ကစကားနှစ်လုံးကို ပြန်ဆက်ကြည့်ချင်ပါတယ်။

လူငယ်နဲ့လူကြီး၊ ဆရာနဲ့တပည့်၊ မိဘနဲ့သားသမီး စတဲ့ အထက်အောက်ဆက်ဆံရေးရဲ့ ယဉ်ကျေးမှုတစ်ခုလို့ဆိုရမယ့် ဒီစကားနှစ်ခွန်း၊ နှစ်လုံးရဲ့ အဓိပ္ပာယ်သက်ရောက်မှုဟာ လှပပါတယ်။ ရိုသေလေးစားမှုကိုလည်း ထင်ပေါ်စေပါတယ်။ မေတ္တာနဲ့ အရင်းခံပြီး ဖြစ်မယ်ဆိုရင်တော့ ပိုမိုတောက်ပြောင်သွားမယ့် စကားနှစ်လုံးလို့ ဆိုရပါလိမ့်မယ်။ သို့သော် မှန်ပါလျက် ပြန်မပြောရဲအောင် တားဆီးတာမျိုးပိတ်ပင်တာမျိုးဆိုပြီး လက်ခံသင့်သလား၊ မသင့်ဘူးလား၊ ထပ်မံပြီးတော့ စဉ်းစားကြည့်စေချင်ပါတယ်။

အမှန်အားဖြင့် ဒီစကားနှစ်လုံးဟာ ကောင်းမွန်တဲ့ အကျိုးသက်ရောက်မှုရှိပါတယ်လို့ သာမန် ဆိုလို့ရပေမယ့် အခြားတစ်ဘက်ကနေလည်း စဉ်းစားသင့်တဲ့စကားများဖြစ်နေတယ် ဆိုရပါလိမ့်မယ်။ လူသားတစ်ယောက်ရဲ့ ကြောက်စိတ်ကို ငယ်ရွယ်စဉ်ကတည်းက ခြိမ်းခြောက်ထားတဲ့စကားမျိုးများဖြစ်မနေဘူးလားဆိုတဲ့ အတွေးကိုလည်း တွေးဖြစ်မိပါတယ်။ ဒီစကားတွေကိုတော့ လေ့လာဆန်းစစ်ကြည့်ဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။

တကယ်လို့ လူကြီးလုပ်သူက (သို့) ဆရာလုပ်သူ၊ မိဘလုပ်သူက မှားနေတာကို မှားနေတာပါလို့ ထောက်ပြပြီးတော့ ဆွေးနွေးလာရင် မင်းက လူကြီးကို အာခံတယ်လို့ ဆိုရင်တော့ အမှားပါပဲ။ လူကြီးလုပ်သူအနေနဲ့ မှားနေတာကို မှားမှန်းသိရင်တော့ ထောက်ပြဖို့တော့ လိုအပ်ပါတယ်။ ဒီလိုထောက်ပြပြီး ပြောဆိုလာတဲ့အခါ မင်းတို့လူငယ်တွေ လျှာကိုရှည်တယ်။ ငါသိ၊ ငါတတ်နဲ့ လူကြီးတွေကို လေးစားရမှန်းမသိဘူးဆိုပြီးတော့ အတင်းတွန်းလှန်ပြီးတော့ ငြင်းဆန်ရင်၊ ပယ်ပစ်လိုက်မယ်ဆိုရင် ခုနက အထက်ကပြောခဲ့တဲ့ အမေဖြစ်သူလို တွေ့ရာနဲ့ ကောက်ပေါက်လိုက်တာမျိုး လုပ်လိုက်မယ်ဆိုရင် တရားမလား။ မျှတမလား။ မှန်ကန်သလား။ ဒါကို လေ့လာကြည့်စေ ချင်ပါတယ်။

အရှင်သာရိပုတ္တရာဆိုတာကို ကြားဖူးကြမှာပါ။ လက်ျာရံသာဝကကြီးပါပဲ။ ဘုရားပြီးရင်တော့ သာသနာတော်မှာ သြဇာ၊ အရှိန်၊ ကြီးကျယ်တဲ့ ဉာဏ်ပညာစတဲ့ ဂုဏ်အရည်အချင်းတွေနဲ့ ပြည့်စုံတော်မူတဲ့ ရဟန္တာမထေရ်ကြီးဖြစ်ပါတယ်။ မထေရ်မြတ်ကြီးရဲ့ အလေ့အကျင့်တစ်ခုရှိပါတယ်။ ဘာလဲဆိုတော့ မထေရ်မြတ်ကြီးဟာ အခြား သံဃာတော်များနဲ့ ဆွမ်းခံကြွသွားခဲ့ရင် နောက်မှပဲထွက်ကြွလေ့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းတိုက်ကြီးထဲမှာရှိတဲ့ မသင့်လျော်တာတွေရှိရင် သင့်လျော်အောင်လုပ်ပြီးတော့ ဆွမ်းခံကြွခြင်းဖြစ်ပါတယ်။ ဥပမာ ကျောင်းတိုက်မှာရှိတဲ့ သောက်ရေအိုးတွေ ရေမရှိရင် ရေဖြည့်၊ အမှိုက်တွေရှုပ်နေရင် တံမြက်လှည်း၊ အခြားမလျော်တဲ့ အနေအထားတွေကို သုတ်သင်ရှင်းလင်းပြီးမှ ဆွမ်းခံကြွခြင်းဖြစ်ပါတယ်။ ဆိုတော့ တစ်ခါတစ်လေတော့လည်း အချိန်မီကြွရတော့ လောလောတော့ ဖြစ်မှာပါပဲ။ တရက်တော့ သင်္ကန်းဝတ်ရုံတော်မူတဲ့အခါ မညီမညာနဲ့ဖြစ်နေတာကို ကိုရင်လေးတစ်ပါးက မြင်တွေ့တော်မူပါတယ်။ ဒါကြောင့် ကိုရင်လေးက မထေရ်မြတ်ကြီးကို သင်္ကန်းမညီမညာဖြစ်နေတဲ့အကြောင်းကို ထောက်ပြပြီးလျှောက်ထားလိုက်ပါတယ်။ ဒီနေရာမှာ အရှင်သာရိပုတ္တရာမထေရ်မြတ်ရဲ့ တုံ့ပြန်မှုက အရမ်းကိုပဲ လေးစားအတုယူဖို့ ကောင်းပါတယ်။ လက်အုပ်ကလေးချီပြီးတော့ ကိုရင်လေး နောက်နောင်လည်း အခုလိုမျိုးတွေ့ရင် ပြောဆိုပါဆိုပြီး တောင်းဆိုလိုက်ပါတယ်။

တကယ်ဆို အရှင်သာရိပုတ္တရာဟာ ဘုရားရှင်ပြီးတော့ သာသနာတော်မှာ ထင်ပေါ်ကျော်ကြား၊ ရာထူးကြီးမားတဲ့ ရဟန်းပါပဲ။ သို့သော်လည်း ကိုရင်ငယ်လေးရဲ့ လျှောက်ထားမှုကို လက်အုပ်လေးချီပြီးတော့ လက်ခံလိုက်တာဟာ အရမ်းပဲလေးစားထိုက်တဲ့ အတုယူစရာပါပဲ။ ခုခေတ်မှာဆို ဘာမဟုတ်တဲ့ကောင်က ငါ့ကိုဆရာလုပ်တယ်ဆိုပြီးတော့ တွေ့တဲ့နေရာက ရှိတာနဲ့ကောက်ပေါက်လိုက်တာမျိုး လုပ်ဖြစ်ကြပါလိမ့်မယ်။ အမှန်ကတော့

ကြီးကြီးငယ်ငယ်ပါပဲ။ မာနဆိုတာကို ချိုးနှိမ်ရမှာ ဖြစ်ပါတယ်။ ငါက ဘာမို့၊ သူကဘာမို့ဆိုတဲ့ အာဏာတွေ၊ ပါဝါတွေနဲ့ တိုင်းတာပြီးတော့ မထီမဲ့မြင်ပုံစံလုပ်တာမျိုးကိုလည်း ရှောင်ကြည်ရမှာ ဖြစ်ပါတယ်။ တကယ်ပဲ အောက်လက်ငယ်သားအနေနဲ့ အကျိုးကို လိုလားပြီးတော့ အပြစ်ပြဆုံးမတာမျိုးရှိရင်လည်း လက်ခံနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကို အာခံတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ တုန့်ပြန်လိုက်ပြီးတော့ လူကြားထဲမှာ အောက်လက်ငယ်သားကို ချိုးနှိမ်လိုက်တာမျိုး မလုပ်သင့်ပါဘူး။ ဒီလို လုပ်လိုက်မယ်ဆိုရင် မိဘနဲ့ သားသမီး ဖြစ်ဖြစ်၊ ဆရာနဲ့တပည့်ဖြစ်ဖြစ်၊ လူကြီးနဲ့ လူငယ်ဖြစ်ဖြစ် ဆက်ဆံရေးတင်းမာပြီးတော့ လူငယ်ဖြစ်သူ၊ သားသမီးဖြစ်သူ၊ တပည့်ဖြစ်သူဟာ အကြောက်တရား လွှမ်းမိုးရေးဆီကို ဦးတည်သွားနိုင်ပါတယ်။

ဒီဆက်ဆံရေးဟာ အရမ်းပဲ အရေးကြီးပါတယ်။ တစ်ခါတစ်လေ ဆရာလုပ်သူအနေနဲ့ တပည့်ဖြစ်သူကို အတန်းဖော်တွေရှေ့ မတ်တတ်ရပ်ခိုင်းပြီးတော့ နာကျင်စရာ အသုံးအနှုန်းတွေ၊ ရိုက်နှက်ဆုံးမတာမျိုးတွေလည်းရှိတတ်ပါတယ်။ ဒါတွေလည်း အလေးထားပြီးတော့ ရှောင်ကြဉ်ဖို့ လိုအပ်ပါတယ်။ နာကျင်မှုတွေကနေ နာကျည်းမှုတွေဆီကို ရောက်သွားတတ်ပါတယ်။ လူတိုင်းကတော့ အမှားနဲ့ ကင်းမှာမျိုးတော့လည်း မရှိပါဘူး။ အပြစ်တွေ့ရင် ထိုက်သင့်တဲ့ပြစ်ဒဏ်တော့ ပေးတာမျိုးကိုတော့ အပြစ်လို့မဆိုလိုပါဘူး။ သို့သော်လည်း ခုနက ပြောသလို ရိုက်နှက်ဆုံးမတာတွေကိုတော့ သတိထားပြီး ရှောင်ကြဉ်ကြဖို့ လိုအပ်ပါတယ်။

နောက်တစ်ခု အထက်အောက် ဆက်ဆံရေးကိုလည်း ပြောချင်ပါတယ်။ ဒါကတော့ ဝန်ထမ်းကိစ္စကိုပဲ အဓိကထားပြီးတော့ ပြောဆိုချင်ပါတယ်။ လုပ်ငန်းတွေ၊ ကုမ္ပဏီတွေမှာ အဖြစ်များတတ်တဲ့ ကိစ္စပါပဲ။ ဒါကတော့ လုပ်ပိုင်ခွင့်ရှိသူက သူ့ရဲ့ တစ်သွေး၊ တစ်သံ၊ တစ်မိန့် ပုံစံမျိုးနဲ့ လက်အောက်ငယ်သားရဲ့ တင်ပြမှုကို လျစ်လျူရှုပြီးတော့ လုပ်ချင်ရာလုပ်တတ်တဲ့

စိတ်ဓာတ်ကို ပြင်ဖို့ လိုအပ်ပါတယ်။ အောက်လက်ငယ်သားအနေနဲ့ အပြုသဘောဆောင်တဲ့ ပြောဆိုဆွေးနွေးမှုကိုလည်း လက်ခံနိုင်ရပါမယ်။ တကယ်လို့ မပြောရဲမဆိုရဲရင်တောင် လမ်းဖွင့်ပေးနိုင်ရပါမယ်။ ဒီလိုတင်ပြလာတဲ့အခါမှာလည်း လေးလေးနက်နက် သဘောထားပြီး အတတ်နိုင်ဆုံး ပြန်လည်ပြီးတော့ ဖြည့်ဆည်းပေးနိုင်အောင် လုပ်ဆောင်ရပါမယ်။ ဒီလိုမဟုတ်ဘဲ “မင်းက ဘာကောင်မို့လို့လဲ၊ ငါလုပ်ချင်တာလုပ်မှာပဲ၊ ငါ့ကို ဆရာကြီးမလုပ်နဲ့စတဲ့ လေသံမျိုးနဲ့ အာခံတယ်” လို့ယူဆပြီးတော့ လူငယ်ရဲ့ မှန်တာတင်ပြလာမှုစတာတွေရှိလာတာကို မကြိုဆိုတဲ့အပြင် ရိုက်ချိုးပစ်တာမျိုးတွေ ဖြစ်တတ်ပါတယ်။

နောက် လူငယ်တွေအနေနဲ့လည်း မှန်တိုင်း၊ ငါမှန်တယ်ဆိုတာမျိုးကြီးနဲ့ အထက်ကပြောခဲ့သလို ဂါရဝတရား၊ နိဝါတတရားမရှိဘဲ ငါသိ ငါတတ်ပုံစံနဲ့ လူလည်ခေါင်မှာ ဆတ်ဆတ်ထိမခံဘဲ မထီမဲ့မြင်၊ မလေးစားတဲ့ အပြုအမူမျိုးနဲ့ လူကြီးတွေကို နှုတ်လှန်ထိုးတဲ့အနေမျိုးတော့ မပြောဆိုသင့်ပါဘူး။ ဆိုတော့ လူကြီးလူငယ်ဆက်ဆံရေးဟာ ပွင့်လင်းမှုရှိတယ်။ ညီမျှမယ်။ ညီညွတ်မယ်။ အပြုသဘောဆောင်တာမျိုးရှိမယ်ဆိုရင် လူငယ်တွေလည်း ရှေ့ကိုတက်ရဲသလို၊ လူကြီးတွေအနေနဲ့လည်း ဂုဏ်မြင့်နေပါလိမ့်မယ်လို့ ဆိုချင်ပါတော့တယ်။

**မောင်မင်းစိုး**



*

# လူငယ်နဲ့ ညီညွတ်ခြင်း

ချမ်းသာမှုလမ်းစဉ်တွေထဲမှာ သမဂ္ဂါနံ တပေါသုခေါ - ညီညွတ်မှုရှိခြင်းဟာ ချမ်းသာတဲ့ကျင့်စဉ်တစ်ခု ဖြစ်ပါတယ်။ ဆိုတော့ ညီညွတ်မှုဟာ အရေးကြီးတဲ့ အချက်တစ်ခုပါပဲ။ ညီညွတ်ဖို့အတွက် တစ်ဦးကိုတစ်ဦး၊ တစ်ဖွဲ့ကိုတစ်ဖွဲ့၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံဟာ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အထူးသဖြင့်တော့ သံသယစိတ်တွေ ပြွတ်သိပ်နေခဲ့မယ်ဆိုရင်တော့ ဒါဟာ ကြီးမားတဲ့ဆုံးရှုံးမှုကြီး ဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် ညီညွတ်ခြင်းဟာ အောင်မြင်မှုရဲ့ အားအကောင်းဆုံး လမ်းစဉ်ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

"အများညီရင် ဤကို ကျွဲဖတ်" ဆိုတဲ့ စကားကို ကြားဖူးပါလိမ့်မယ်။ ဒါဟာ ညီညွတ်ခြင်းရဲ့ တန်ဖိုးပါပဲ။ ညီညွတ်မယ်ဆိုရင် ဘာမဆိုလုပ်လို့ရတယ်ဆိုတာကို မီးမောင်းထိုးပြလိုက်ခြင်းပါပဲ။ မှတ်သားခဲ့ဖူးတဲ့ ဖြစ်စဉ်တွေ၊ ဆိုရိုးတွေ၊ ပုံတွေ၊ အကြောင်းအရာတွေလည်း များစွာရှိမှာပါပဲ။ ဒီအကြောင်းအရာတွေကနေ သင်ခန်းစာယူပြီးတော့ ညီညွတ်ခြင်းရဲ့ တန်ဖိုးကို မြှင့်တင်ဖို့၊ တည်ဆောက်ဖို့၊ ပုံဖော်ဖို့ အရေးကြီးပါတယ်။

ဒီနေရာမှာ တစ်ခုတော့ ပြောချင်ပါတယ်။ ညီညွတ်ရင်ပြီးရောဆိုတဲ့ အနေအထားနဲ့ မကောင်းတာတွေလုပ်တာမျိုးမှာ ညီညွတ်ခြင်းမျိုးကိုတော့ အားမပေးလိုပါဘူး။ တစ်ခုတော့ ရှိပါတယ်။ အမှန်တကယ် မကောင်းမှုတွေလုပ်ခဲ့သည့်တိုင်အောင် အများက ညီနေခဲ့မယ်ဆိုရင်လည်း ချမ်းသာမှုတစ်ခုတော့ ရနိုင်ပါတယ်။ ဒါပေမယ့် ဒီနေရာမှာတော

မကောင်းမှုလုပ်တဲ့အခါမျိုးမှာ ညီညွတ်ခြင်းဆိုတာမျိုးကို တွန်းအားမပေးချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ လူသားမဆန်လို့ပါပဲ။ "ညီညွတ်ရင် ပြီးရော၊ ချမ်းသာဖို့အရေး ငါတို့ မကောင်းတာ၊ ကောင်းတာ နားမလည်ဘူး လုပ်မှာပဲ" ဆိုတာမျိုးတော့ မဖြစ်စေချင်ပါဘူး။ ခုနက စကားလေးကို ပြန်ပြောချင်ပါတယ်။ "အများညီရင် ဤကို ကျွဲဖတ်" ဆိုတာနဲ့ ပတ်သက်ပြီးပေါ့။ ဒီစကားလုံးရဲ့ အဓိပ္ပာယ်က အမှန် တကယ်တော့ အများညီရင် ဘာမဆိုလုပ်လို့ ရတယ်လို့ဆိုပေမယ့် ဒီစကားလုံးလေးကို သုံးသပ်ခြင်းက ပိုမိုပြီးတော့ ပြောင်မြောက်ပါတယ်။

အာဏာရှိတယ်ဆိုပြီး အာဏာကိုအသုံးချပြီးတော့ လူစု၊ ငွေပေး၊ အကျင့်စာရိတ္တဆိုးရွားမှုတွေနဲ့ ညီညွတ်နေတာပဲ ဘယ်သူတွေ ဘာဖြစ်ဖြစ်၊ ငါတို့ချမ်းသာဖို့၊ ငါ့မိသားစု ကောင်းစားဖို့၊ ငါတို့ အဖွဲ့အစည်း အောင်မြင်ဖို့ပဲ အရေးကြီးတယ် ဒီတော့ အားလုံးညီညွတ်စွာနဲ့ သူတစ်ပါးရဲ့ ပိုင်ဆိုင်မှုတွေကို သိမ်းလိုတာ၊ အဓမ္မပြုကျင့်တာ၊ ရိုက်နှက်ပုတ်ခတ်အနိုင်ယူလိုတာ စတဲ့ မကောင်းတဲ့ ညီညွတ်ခြင်းဟာ လူသားမဆန်တဲ့ ညီညွတ်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုမတရားမှုတွေကို ပြုလုပ်ပြီးတော့ ညီညွတ်ရင်ပြီးရော သူတစ်ပါးမျက်ရည်ကျခြင်း၊ မကျခြင်းဟာ အရေးမကြီးဘူး စတဲ့ ပုံစံနဲ့ လေသံနဲ့ ဆိုရင်တော့ တစ်ဖက်ကလည်း တန်ပြန်အနေနဲ့ ဘယ်လောက်အာဏာရှိရှိ ဒါကို မတရားခြင်းဆိုတာသိတာနဲ့ တစ်ပြိုင်နက် ညီညွတ်စွာ တွန်းလှန်ခြင်းမျိုးအတွက်ဆိုရင်တော့ ဒီလိုညီညွတ်ခြင်းမျိုးကို ကြိုဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလို လူသားဆန်တဲ့ လုပ်ရပ်မျိုးတွေမှာ "အများညီရင် ဤကို ကျွဲဖတ်" ဆိုတဲ့ အသုံးအနှုန်းမျိုး၊ ပြုကျင့်ခြင်းမျိုး၊ လုပ်ဆောင်ခြင်းမျိုးကို ဆိုလိုခြင်းဖြစ်ပါတယ်။မ

လောကကြီးထဲမှာ မတရားမှုတွေကတော့ တစ်နေ့တမျိုးပါပဲ မရိုးနိုင်အောင် ပေါ်ပေါက်လာနေခဲ့ပါတယ်။ စိတ်ပျက်စရာကောင်းလောက်အောင်

သတင်းတွေလည်း များစွာပဲ ကြားနေခဲ့ရပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာကိုပဲ ဒီလို မတရားမှုတွေနဲ့ နှစ်ပါးသွားနေတာတွေ များပြားစွာ ရှိပါတယ်။ ထိုနည်းတူစွာပါပဲ မိမိတို့နေထိုင်ရာ နိုင်ငံကြီးမှာလည်း ဒီလိုမတရားမှုတွေနဲ့ အာဏာကို အလွဲသုံးစားလုပ်ပြီးတော့ ငါဆိုတဲ့အတ္တကို ရှေ့တန်းတင်ပြီးတော့ မလုပ်သင့်တာတွေ လုပ်နေခဲ့ကြတာတွေကြောင့် လူတွေဟာ လမ်းပေါ်ရောက်လာခဲ့ကြတယ်။ လမ်းပေါ်ကနေတဆင့် အာဏာနဲ့ ချုပ်နှောင်ဖမ်းဆီးပြီးတော့ အကျဉ်းချထားခြင်း၊ ချုပ်နှောင်ဖမ်းဆီးခြင်း၊ ထောင်ချခြင်း စတာတွေနဲ့ တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ကြားနေ၊ တွေ့နေရပါတယ်။ ဒါတွေဟာ အာဏာရှင်ရဲ့ ဆိုးမွေတွေပါပဲ။ ဒီလိုမျိုး မတရားမှုတွေကို မတရားမှန်းသိရင် ပြည်သူ့အားနဲ့ တန်ပြန်ပြီးတော့ တွန်းတိုက်ရဖို့ လိုအပ်ပါတယ်။ မှန်ကန်တဲ့ တရားနည်းလမ်းအတိုင်း အများညီပြီးတော့ ဒီအမွေဆိုးတွေကို မောင်းထုတ်နိုင်ရပါမယ်။ ဒါကြောင့် အားလုံးညီညွတ်ဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် အနာဂတ်ကို လက်ပြောင်းယူကြရမယ့် လူငယ်တွေအနေနဲ့ ညီညွတ်ကြဖို့ လိုအပ်ပါတယ်။ လူငယ်တွေညီညွတ်စွာနဲ့ တိုက်ပွဲဝင်ကြမယ်ဆိုရင် ဘာမဆို အောင်မြင်နိုင်ပါတယ်။ ဒါဟာ လူမိုက်အားပေး မဟုတ်ပါဘူး။ ဒီလိုမျိုး ညီညွတ်မှုမရှိဘဲ ခေါင်းငုံခံနေကြဦးမယ်ဆိုရင် ရှေ့ဆက်ပြီးတော့ အာဏာနဲ့ ခြိမ်းခြောက်၊ သိမ်းသွင်းပြီးတော့ ဆင်းရဲတွင်းကို နက်သထက်နက်အောင် ဆွဲချနေတာမျိုးတွေ ရှိနေဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ညီညွတ်စွာနဲ့ပဲ အမှန်တရားအတွက် တိုက်ပွဲဝင်ဖို့ လိုအပ်ပါတယ်။ ဒါဟာ စစ်မှန်တဲ့ ညီညွတ်ခြင်းပါပဲ။

ဒီတော့ ညီညွတ်ဖို့အတွက် အတူတကွလက်တွဲပြီးတော့ လုပ်ဆောင်ဖို့ဟာ အရေးကြီးပါတယ်။
စုပေါင်းညီညာအောင်ကြောင်းဖြာဆိုတဲ့အတိုင်း အတူပူးပေါင်းမှုဟာလည်း အောင်မြင်မှုရဲ့ အခြေခံအုတ်မြစ်တစ်ခုပါပဲ။ တစ်ခါက ဒီဇိတ်တစ်ခုမှာ ပြောဖူးတယ်။

ကျုပ်တို့မြန်မာတွေဟာ အတူတကွပူးပေါင်းဆောင်ရွက်မှုမှာ အင်မတန်မှ အားနည်းတယ်လို့ ဆိုပါတယ်။ လူနှစ်ယောက်ရှိရင်တော့ တစ်ယောက်နဲ့တစ်ယောက်နဲ့ သဘောထားတိုက်ဆိုင်မှုရှိတာ မဟုတ်ဘူး။ ဆိုတော့ လေးယောက်ရှိရင် လေးမျိုး၊ ငါးယောက်ရှိရင် ငါးမျိုး စတဲ့ မတူညီမှုတွေကို ဘယ်လိုမှပေါင်းစပ်လို့ မရဘူးလို့ ဆိုပါတယ်။

ဒီလိုမျိုးစိတ်တွေရှိရင်တော့ လူငယ်တွေအနေနဲ့ ဒီအစွဲတွေ၊ အယူတွေကို တိုက်ချွတ်ပစ်ရမှာပါပဲ။ ဒါဟာ အောင်မြင်မှုအတွက် ခလုတ်ကန်သင်း ဖြစ်စေပါတယ်။ အောင်မြင်တဲ့ အဖွဲ့အစည်းတွေကို လေ့လာကြည့်ရင် တစ်ယောက်ကိုတစ်ယောက် လေးစားတာ၊ ယုံကြည်တာ ညီညွတ်တာတွေကြောင့်ပါပဲ။ ဒါတွေဟာ တစ်ယောက်ချင်းဆီတိုင်းမှာပဲ ပြုပြင်ပြောင်းလဲယူရမှာ ဖြစ်ပါတယ်။ ဆိုတော့ ဆက်လျှောက်ရမယ့်ခရီးရှည်ကြီးဟာ မိုးမမြင် လေမမြင်ပါပဲ။ ဒီလိုနဲ့ စမ်းတဝါးဝါးဆိုသလို လျှောက်လာလိုက်တာ အခုဆို အနည်းငယ်တော့ ပွင့်လင်းမြင်သာမှုဆိုတဲ့ လမ်းကြောင်းလေးပေါ်ကိုတော့ ရောက်နေပါပြီ။ ဒီလို ပွင့်လင်းမြင်သာမှုအတွက် ပိတ်ဆို့နေသေးတဲ့ အတားအဆီးမှန်သမျှကိုလည်း လူငယ်တွေရဲ့ စွမ်းအားနဲ့၊ ညီညွတ်စွာနဲ့ ပြိုင်တူတွန်းပြီးတော့ ရွှေ့ပစ်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုမှသာ အောင်မြင်စွာနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးဟာ တောက်ပလာမှာဖြစ်ပါတယ်။

ဟိုတလောက အင်တာနက်မှာတင်ထားတဲ့ ဗီဒီယိုဖိုင်လေးတစ်ခု ကြည့်လိုက်ရတယ်။ မိနစ်ပိုင်းလေးဆိုပေမယ့် အတော်လေး အတုယူဖို့ကောင်းတယ်လို့ ဆိုရမှာပါ။ အိန္ဒိယနိုင်ငံမှာဖြစ်သွားခဲ့တဲ့ ကိစ္စလေးပါ။ လူနှစ်ယောက် ဆိုင်ကယ်စီးပြီး လက်နက်တွေကိုင်ဆောင်ပြီးတော့ ရွှေဆိုင်တစ်ခုထဲကို ဝင်သွားပါတယ်။ ရွှေဆိုင်ထဲမှာတော့ လူနှစ်ဦးပဲ ရှိပါတယ်။ ဆိုင်ကလည်း ဖွင့်ကာစ ဆိုတော့ အခြားဝယ်သူလည်း တစ်ယောက်မှ မရောက်သေးဘူးပေါ့။ ဒီတော့ ဆိုင်ဖွင့်ဖို့ ပြင်ဆင်နေချိန်၊ ပစ္စည်းတွေ

ခင်းကျင်းနေစဉ်မှာ ခုနက လူနှစ်ယောက်က ဝင်ရောက်ပြီးတော့ အနုကြမ်း စီးပါတယ်။ ပိုင်ရှင်နှစ်ယောက်ကို လက်မြှောက်ခိုင်းထားပြီးတော့ လိုချင်တာတွေ ယူနေခဲ့ပါတယ်။

ဆိုင်ဘေးပတ်လည်ဝန်းကျင်မှာတော့ ကွမ်းယာဆိုင်ပုံစံမျိုးလေးနှစ်ဆိုင်လောက် ရှိနေခဲ့တယ်။ ဒီဆိုင်လေးတွေအနီးအနားမှာလည်း လူတွေ လေးငါးခြောက်ယောက်လောက် ရှိနေခဲ့ပါတယ်။ အဲဒီ အချိန်မှာ ခုနကဆိုင်ထဲက အနုကြမ်းစီးတဲ့ လူနှစ်ယောက်ထဲက တစ်ယောက်က အပြေးထွက်လာပါတယ်။ ဒီတော့ ဆိုင်ထဲမှာက ဆိုင်ရှင်နှစ်ယောက်နဲ့ အနုကြမ်းစီးသူတစ်ယောက်ပဲ ကျန်ရစ်ခဲ့ပါတယ်။ အဲဒီ အချိန်မှာ တစ်ယောက်ကို ချိန်ရွယ်ထားတုန်း အခြားတစ်ယောက်က အနာခံပြီးတော့ အနုကြမ်းစီးသူကို ဝင်လုံးလိုက်ပါတယ်။ လုံးထွေးနေတာကို သိတော့ ဆိုင်ပြင်ရောက်နေတဲ့ အခြားတစ်ယောက် ဆိုင်ထဲကိုပြန်ဝင်သွားပါတယ်။ ဒီအခြေအနေကို ဘေးနားက လူတွေရိပ်မိလိုက်တာနဲ့တစ်ပြိုင်နက် ဘေးပတ်ဝန်းကျင်ကလူတွေ ဆိုင်ကို ဝိုင်းလိုက်ပါတယ်။ နောက်ပြီးတော့ အနာခံပြီးတော့ ဝင်လုံးရင်း ဖမ်းဆီးချုပ်နှောင်လိုက်တာ နှစ်ယောက်လုံး ဘာမှလုပ်လို့မရဘဲ ဖြစ်သွားပါတယ်။

ဆိုတော့ ဒီလိုပါပဲ မတရားမှုတွေ၊ မမျှတမှုတွေ၊ နိုင်လိုမင်းထက်မှုတွေ စတာတွေကတော့ မရိုးနိုင်အောင် ငွေကြေးကို ဗန်းပြပြီးတော့ဖြစ်ဖြစ်၊ အာဏာကို ရမ်းပြပြီးတော့ ဖြစ်ဖြစ် တစ်ခုမဟုတ်တစ်ခု ရှိနေခဲ့ပါတယ်။ ဒီလို မတရားမှုတွေကို၊ မမျှတမှုတွေကို မတရားမှန်း၊ မမျှတမှန်းသိပြီးတော့ လူငယ်တွေရဲ့ ညီညွတ်ခြင်းတွေကို အရင်းအနှီးပြုပြီးတော့ အားလုံးဝိုင်းဝန်းအဖြေရှာကြမယ်ဆိုရင် “အများညီရင် ဤကို ကျွဲဖတ်”လို့ရတယ်ဆိုတာကို ပြောလိုက်ချင်ပါတယ်။ ။

**မောင်မင်းစိုး**

*

# လူငယ်နဲ့ အလုပ်

အလုပ်ဆိုတာကတော့ လူတိုင်းအနေနဲ့ နေ့တိုင်းပဲ၊ အချိန်တိုင်းပဲ လုပ်နေရမယ့် ကိစ္စပါပဲ။ ကျောင်းသားကလည်း ကျောင်းသားအလုပ်လုပ်၊ ဆရာကလည်း ဆရာအလုပ်လုပ်၊ ထိုနည်းတူစွာပါပဲ ဘယ်လိုအဖွဲ့အစည်းမျိုးမှာပဲဖြစ်ဖြစ် သူ့နေရာ၊ သူ့ဌာနအသီးသီးမှာ အလုပ်မျိုးစုံကို လုပ်ကိုင်ဆောင်ရွက်နေခဲ့ကြရင်း အချိန်တွေ ကုန်လွန်သွားကြရတာ ပါပဲ။ ဆိုတော့ လူတိုင်းကတော့ အလုပ်ဆိုတာနဲ့ ကင်းနိုင်မှာမဟုတ်ပါဘူး။ ကျောင်းသားများအနေနဲ့ တက္ကသိုလ်ကနေဘွဲ့တစ်ခုခုရပြီးတာနဲ့ ဟိုဟာလုပ်ရမလိုလို၊ ဒီဟာလုပ်ရမလိုလိုနဲ့ ဝေခွဲမရတာ မျိုးတွေ ဖြစ်တတ်ပါတယ်။ ဒါကလည်း လူတိုင်းလိုလို ဒီလိုမျိုး ပြဿနာမျိုးနဲ့ ကြုံတွေ့ခဲ့ရမှာပါပဲ။

အလုပ်တိုင်းမှာတော့ ပရော်ဖက်ရှင်နယ်ဖြစ်ဖို့ လိုအပ်ပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်လုပ်နေတဲ့လုပ်ငန်းမှာတော့ တကယ့်ကိုကျွမ်းကျင်နေခဲ့မယ်ဆိုရင် သူ့ဘဝရဲ့ ဘဝဝမ်းစာအတွက်၊ နေဖို့၊ ထိုင်ဖို့ စတာတွေအတွက် သူ့အလိုလို ဖြေရှင်းနိုင်ပါတယ်။ အခုတလော လူငယ်တော်တော်များများနဲ့ စကားပြောဖြစ်ပါတယ်။ နောက်တစ်ခု ကျောင်းဆရာမလေးတွေနဲ့လည်း ပြောဖြစ်ပါတယ်။ ဒီတော့ စကားစပ်ရင်း သူတို့ရဲ့ လုပ်ငန်းနဲ့ ပတ်သက်တာလေးတွေ၊ အတွေ့အကြုံ စတာလေးတွေကို မေးဖြစ်ခဲ့တယ်။ အားလုံးကတော့ တက်တက်ကြွကြွရှိခဲ့ပါတယ်။ အားလည်း အားရပါတယ်။ အချို့ဆိုရင် ကိုယ့်ဘဝကို ကျောင်းသားလေးတွေဆီမှာ ထိုးအပ်လိုက်တဲ့အထိ၊ သက်စွန့်ဆံဖျား တိုင်းရင်းသား ကျေးရွာလေးတွေအထိ

သွားရောက်ပြီးတော့ စာသင်ပေးကြတာတွေ ရှိပါတယ်။

သူတို့အတွက် အခက်အခဲကတော့ ဘာသာစကားလို့ ဆိုပါတယ်။ နောက်တစ်ခုကတော့ ယဉ်ကျေးမှု မတူညီမှုလေးတွေရှိတယ်လို့ ဆိုပါတယ်။ အချို့နေရာတွေဆို အရမ်းပဲ အေးနေခဲ့ပြီး ချမ်းချမ်းစီးစီးမှာ စောစောထပြီးတော့ ကျောင်းသားငယ်လေးတွေကို စာသင်ပေးနေခဲ့ရတာ ကို ပျော်ရွှင်ကြည်နူးနေခဲ့တဲ့ မြင်ကွင်းလေးတွေ တွေ့နေရတော့ အားတက်မိပါတယ်။

ဒီလိုပါပဲ၊ ကျောင်းပြီးလို့လုပ်ငန်းခွင်အသီးသီးမှာ စတင်ပြီးတော့ လုပ်ဆောင်နေတဲ့ တပည့်လေးတွေနဲ့လည်း စကားပြောဖြစ်ပါတယ်။ လူကလည်း လူငယ်ဖြစ်ပြန်၊ အိမ်မှာတုန်းကလည်း ကျောင်းပြီးသွားသည်အထိ လက်မွေး မီးမလောင်၊ ခြေမွေး မီးမလောင်နဲ့ နေခဲ့ကြရပြီးတော့ အခုတော့ လယ်ယာမြေတွေထဲအထိ ဆင်းပြီးတော့ ကိုယ်တိုင်တာဝန်ထမ်းဆောင်နေခဲ့တဲ့ ကလေးတွေလည်းရှိပါတယ်။ သူတို့က စိုက်ပျိုးရေးနဲ့ ဘွဲ့ရထားတော့ ဒီလိုပဲ ကွင်းဆင်းလေ့လာရေး ခရီးလိုပဲဆိုဆို၊ နောက်ဆုံး ကိုယ်တိုင် စပါးတွေရိတ်သိမ်းရတဲ့အထိ လုပ်ဆောင်ကြရတော့ ပင်ပန်းမှုတွေ ဖြစ်ကြတယ်။ ဒီတော့လည်း ညည်းခဲ့ကြတာပေါ့။ နောက်တော့လည်း လုပ်ရင်းလုပ်ရင်းနဲ့ ဒီလိုပင်ပန်းမှုတွေနဲ့ပဲ နေပျော်နေခဲ့ပြီး ပညာကိုလည်း အားတဲ့အချိန်မှာ ဆက်လက်လေ့လာကြရင်း နေနေခဲ့ကြတဲ့ ကလေးတွေရဲ့ စကားသံကို ကြားရပြန်တော့ အားတက်မိပြန်ပါတယ်။

အချို့ကျပြန်တော့လည်း ကိုယ်ပိုင်လုပ်ငန်း အသီးသီးကို ကိုယ်စွမ်းဆောင်ရာ လုပ်ဆောင်ချက်တွေနဲ့အတူ မနက်မိုးလင်းကနေ မိုးချုပ် တရစပ်ဆိုသလို မနေမနား အိမ်မှာနားရတယ်မရှိအောင် လုပ်ဆောင်နေခဲ့ကြတဲ့ ကိုယ်ပိုင်လုပ်ငန်းတွေကို ဦးဆောင်ပြီးလုပ်နေခဲ့တဲ့ လူငယ်တွေလည်း တွေ့ရပြန်ပါတယ်။ ဒီထဲကမှ ကျောင်းကနေဘွဲ့ရပြီးတော့ ဂိုက်ပုံစံနဲ့ တစ်ယောက်ပြီးတစ်ယောက် စာသင်နေခဲ့တဲ့ ကလေးတွေ တွေ့ခဲ့ရပြန်တယ်။

သူတို့ဆို အစားအသောက်၊ အနေအထိုင်ကိုတောင် ဂရုမစိုက်နိုင်ရှာပါဘူး။ ဆိုင်ကနေပဲ ဖြစ်သလိုဝယ်စားပြီးတော့ ရလာတာလေးတွေကို မိဘတွေထံပြန်ပို့ကြတဲ့ လူငယ်တွေကိုလည်း တွေ့ရပါတယ်။ သူတို့လည်း သူတို့အလုပ်နဲ့ ပျော်နေခဲ့ကြရှာပါတယ်။

ဒါကတော့ လုပ်ငန်းတစ်ခုမှ တစ်နေရာရာ ဝင်ရောက်ပြီးတော့ လုပ်ငန်းခွင်ဝင်နေခဲ့ကြတဲ့ လူငယ်တွေရဲ့ အခြေအနေလေးတွေပါ။ အခြားလည်း များစွာရှိပါသေးတယ်။ နောက် အုပ်စုတစ်စုနဲ့လည်း ပြောဖြစ်ပြန်ပါတယ်။ ဒါကတော့ ဘွဲ့ရပြီးတော့ သင်တန်းမျိုးစုံ တက်နေခဲ့ပြီး ဟိုဟာလုပ်ရမလိုလို၊ ဒီဟာလုပ်ရမလိုလို ဝေခွဲမရတဲ့ လူငယ်လေးတွေနဲ့လည်း စကားပြောဖြစ်ခဲ့ပါတယ်။ ဒီထဲကမှ အွန်လိုင်းပေါ်က လူငယ်တစ်ယောက်နဲ့ စကားပြောဖြစ်တာလေးကို ပြန်လည်ပြီးတော့ ဖောက်သည်ချချင်ပါတယ်။

သူ့အနေနဲ့ အနုပညာကိုလည်း စိတ်ဝင်စား၊ ပန်းချီဆွဲတယ်။ စာရေးတယ်။ ဒီဇိုင်းတွေ ဘာတွေ လုပ်တတ်တယ်။ လုပ်လည်းလုပ်နေတယ်။ နောက်ပြီးတော့ သူ့အနေနဲ့ အင်္ဂလိပ်စကားပြော၊ ရေး၊ ဖတ် စတဲ့ သင်တန်းတွေလည်း တက်ထားတယ်။ အခုလည်း ဂျပန်စာနဲ့ ပတ်သက်ပြီးတော့ ဆက်တက်နေခဲ့တယ်လို့ ဆိုတယ်။ အခုသူ လုပ်ငန်းခွင်ကို ဝင်တော့မယ်။ ခက်တာက ဟိုဟာကိုလည်း မစွန့်လွှတ်နိုင်၊ ဒီဟာကိုလည်း မစွန့်လွှတ်နိုင်ဖြစ်နေခဲ့တယ်တဲ့။ ဒါကြောင့် ဒီဇိုင်းလုပ်ငန်းကို လုပ်ဖို့ ဆုံးဖြတ်ထားပေမယ့် အခြားဟာလေးတွေကိုလည်း မစွန့်လွှတ်ချင်ဘူးလို့ ဆိုပါတယ်။ ဒီတော့ ဘယ်လမ်းကို ရွေးရမလဲဆိုတာတောင် တိတိပပဆုံးဖြတ်ချက်မချနိုင်ဘူးလို့ ဆိုပါတယ်။ အခုလုပ်ရမယ့် ဒီဇိုင်းက ဂျာနယ်ပုံစံ၊ ဒါပေမယ့် ဂျပန်ဘာသာစကားတွေ ဖြစ်နေတော့ ဒီအတိုင်းပဲ ဒီဇိုင်းပုံစံမျိုး သူ့နေရာနဲ့သူချရင်ပြီးပေမယ့် သူက ဒီလိုမျိုး ဖြစ်ကတတ်ဆန်းမျိုး မလုပ်ချင်ဘူး။ ဒီတော့ သူ ဂျပန်ဘာသာစကားကို လေ့လာချင်သေးတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီဇိုင်းတစ်ဘက်နဲ့

ဂျပန်ဘာသာစကားသင်တန်းတစ်ဖက်အနေနဲ့ လုပ်ငန်းခွင်ကိုဝင်မယ်လို့ ဆိုပါတယ်။

ဒီတော့ သူ့ကိုပြောပြပါတယ်။ ဒီအချိန်မှာတော့ တစ်ခုခုကို ဆုံးဖြတ်ချက်အခိုင်အမာချပြီးတော့ သွားရမယ့် လမ်းကြောင်းပေါ်ကို ရဲရဲတင်းတင်းဖြတ်လျှောက်ဖို့ အချိန်တန်ပြီလို့ ပြောတော့ ဟုတ်တယ်၊ သူ့အနေနဲ့ ဝါသနာပါတာတွေကို ဟိုစပ်စပ် ဒီစပ်စပ်လုပ်နေလို့တော့ မဖြစ်တော့ဘူး။ ဒါကြောင့် ဆုံးဖြတ်ချက်ချပြီးတော့ ဒီဇိုင်းအလုပ်ကိုလုပ်ဖို့ ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။

ဆိုတော့ သူ့လို ဟိုဟာလုပ်ရမလိုလို၊ ဒီဟာလုပ်ရမလိုလိုနဲ့ ဗျာများနေကြမယ့်လူငယ်တွေ လည်းများစွာရှိနေလိမ့်မယ်လို့ ထင်ပါတယ်။ ရှိလည်း ရှိနေခဲ့ပါတယ်။ ဒါကြောင့် ကိုယ်ဝါသနာပါရာကို တစိုက်မတ်မတ်လုပ်ပြီးတော့ လုပ်ငန်းကျွမ်းကျင်မှုနဲ့ ဘဝရပ်တည်ဖို့ အလုပ်လုပ်ကြရမှာ ဖြစ်ပါတယ်။ ထိုက်သင့်သလောက် ပညာကိုလည်း ရှာမှီးထားသူများပီပီ ဒီကနေ ပညာကို အရင်းအနှီးပြုပြီးတော့ စီးပွားဥစ္စာရှာတဲ့အရွယ်မှာလည်း လမ်းကြောင်းများပေါ်မှာ ဟိုလိုလို၊ ဒီလိုလို ဗျာများမနေနဲ့ ရှေ့ကို တည့်တည့်မတ်မတ် နင်းတက်ရဲဖို့ လိုအပ်ပါတယ်။

တစ်ခုတော့ရှိပါတယ်။ ပထမလုပ်တဲ့လုပ်ငန်းဆိုတာကတော့ အခက်အခဲတွေ ရင်ဆိုင်ကြုံတွေ့ရမှာပါပဲ။ ဒါကြောင့် ဆယ်ကြိမ်လောက် လုပ်ကြည့်ပါ။ လွယ်ကူလာပါလိမ့်မယ်။ ဒီကနေတစ်ဆင့် အကြိမ်တစ်ထောင်လောက် လုပ်ကြည့်ပါ သူ့အလိုလို ဖြစ်သွားပါလိမ့်မယ်။ ဒါဟာ ပရော်ဖက်ရှင်နယ် အဆင့်ကို ရောက်သွားခြင်းပါပဲ။ ဒါကြောင့် အခက်အခဲတွေ တကယ်လို့ ရင်ဆိုင်ကြုံတွေ့ခဲ့ရရင်လည်း လှည့်ပြန်လာခဲ့ပြီးတော့ ဟိုအလုပ်ပို လုပ်ရမလိုလို၊ ဒီအလုပ်ကို ပြောင်းရမလို ဖြစ်သွားပြီးတော့ ဘယ်မှမရောက်တာမျိုး ဖြစ်တတ်ပါတယ်။

ဆင်းရဲမှုကို အရင်းအနှီးပြုပြီးမှသာ ချမ်းသာမှုဆီကို ရောက်နိုင်ပါတယ်။ ချမ်းသာမှုကို အရင်းအနှီးပြုပြီးတော့ ချမ်းသာမှုကို မရနိုင်ပါဘူး။ ဆိုတော့ ပထမဆုံး

အခက်အခဲတွေ၊ ပင်ပန်းတာတွေ၊ ခက်ခဲတာတွေနဲ့ ကြုံတွေ့ခဲ့ရမယ်ဆိုရင် ကြံ့ကြံ့ခံပြီးတော့ ဆက်လျှောက်ဖို့ လိုအပ်ပါတယ်။ ဒါဟာ အောင်မြင်မှုရဲ့ ခြေလှမ်းအစပါပဲ။ အောင်မြင်ချင်ရင်တော့ ဒီလိုပဲ ခက်ခဲမှုတွေ၊ ဆင်းရဲမှုတွေနဲ့ အရင်းအနှီးပြုပြီး ချမ်းသာမှုဆီကို သွားရမှာ ဖြစ်ပါတယ်။ အဲဒီ လိုမဟုတ်ဘဲ အခုအနေအထားမှာ ဘာမှအလုပ်ဘဲ အေးအေးလူူလူနဲ့ ချမ်းချမ်းသာသာ နေနေခဲ့မယ်ဆိုရင်တော့ ချမ်းသာမှုကို မရောက်နိုင်၊ မရနိုင်သလို သူ့အတွက်ကတော့ တဖြည်းဖြည်းဆိုသလို ဆင်းရဲမှုဆီကိုသာ ဦးတည်သွားရမှာ ဖြစ်ပါတယ်။

ဒါကြောင့် လူငယ်တွေအနေနဲ့ အလုပ်တွေမှာ အောင်မြင်ချင်ရင်တော့ စိတ်ဓာတ်ကြံ့ခိုင်ဖို့ လိုအပ်ပါတယ်။ ကြိုးစားမှု ဝီရိယရှိရပါမယ်။ အခက်အခဲကို ကျော်ဖြတ်ရဲရပါမယ်။ နောက်ပြီးတော့ ဟိုဟာလိုလို၊ ဒီဟာလိုလိုနဲ့ မတင်မကျဖြစ်နေရင် အဲဒီ ထဲက အကောင်းဆုံး၊ ကိုယ့်နဲ့ အဆင်ပြေဆုံးအလုပ်ကို ရဲရဲပုံ့ဝံ့ ရွေးချယ်ပြီးတော့ လျှောက်လှမ်းနိုင်ပါစေကြောင်း ။ ။

**မောင်မင်းစိုး**

Vol.1,No.27,2014// THE MYANMAR REVIEW JOURNAL

*

# လူငယ်နဲ့ သူငယ်ချင်းစိတ်ဓာတ်

သူငယ်ချင်းဆိုတာ ပါဠိစကား သဟာယက - ဆိုတဲ့ပုဒ်ကနေ လာတယ်။ အဓိပ္ပာယ်ကတော့ ချမ်းသာဆင်းရဲကို အတူတကွခံစားပြီးတော့ အတူတကွ လက်တွဲဖြေရှင်းပြီး ပေါင်းသင်းနေထိုင်ခြင်း ဖြစ်ပါတယ်။ ဆိုတော့ လူငယ်တွေအနေနဲ့ မိမိတို့ရဲ့ အပေါင်းအဖော်မျိုးစုံအဖြစ် သူငယ်ချင်းဆိုတာတွေဟာ စရိုက်မျိုးစုံနဲ့ ရှိနေခဲ့ကြပါလိမ့်မယ်။ အပေါင်းအသင်းဆိုတာနဲ့ ပတ်သတ်ပြီးတော့ လူကြီးသူမတွေကတော့ အပေါင်းအသင်းမမှားဖို့ဆိုပြီး အမြဲတမ်းဆိုသလို သတိပေးတတ်လေ့ရှိပါတယ်။ ဒါကြောင့် လူရွေးပေါင်းရမယ်ဆိုတာမျိုးတွေဟာ လူငယ်တွေရဲ့ ခေါင်းထဲမှာ စွဲသွားခဲ့တယ်။

သူငယ်ချင်းဆိုတာမျိုးဟာ မရှိလို့မဖြစ်ပါဘူး။ ဒါကြောင့် လူတိုင်းအနေနဲ့လည်း သူငယ်ချင်းဆိုတာတွေ ထားခဲ့ကြတယ်။ ရှိလည်းရှိကြပါလိမ့်မယ်။ အထူးသဖြင့်တော့ လူငယ်တွေပေါ့။ အမှန်တကယ်က အဇာတသတ်ဟာ ပညာရှိသူတစ်ယောက်ပါပဲ။ သို့သော်လည်း ဒေဝဒတ်နဲ့ ပေါင်းသင်းမိလို့ လူမိုက်လမ်းစဉ်အတိုင်း ဆင်ခြင်မဲ့စွာနဲ့ လုပ်ခဲ့လိုက်တာ နောက်ဆုံး ကျေးဇူးရှင်အဖေကိုတော်မှ ရက်ရက်စက်စက်သတ်ရဲတဲ့အနေအထားထိ ရောက်သွားခဲ့ရတယ်။ သူငယ်ချင်းနဲ့ ပတ်သက်ရင် ဥပမာအနေနဲ့ ဒီအဖြစ်အပျက်ဟာ စံနမူနာအဖြစ် ထုတ်ပြလေ့ရှိကြပါတယ်။ ဆိုတော့ လူငယ်တွေအနေနဲ့ တစ်ယောက်ကိုတစ်ယောက် ပေါင်းသင်းပြီးတော့ သူငယ်ချင်းစိတ်ဓာတ်နဲ့ နေထိုင်ဖို့တော့ လိုအပ်မှာဖြစ်ပါတယ်။

လူမှုရေးကိစ္စရပ်တွေမှာဖြစ်ဖြစ်၊ အခြားဘာသာရေးလုပ်ငန်းတွေ၊

နိုင်ငံရေးလုပ်ငန်းတွေ စသဖြင့်ပေါ့ အတူတကွ လက်တွဲပြီးတော့ အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ အခုတလောမကြာခဏဆိုသလို လူငယ်တွေအနေနဲ့ ဘာသာရေး၊ သာရေးနာရေး၊ လူမှုရေးစတဲ့ လုပ်ငန်းတွေမှာ အတူတကွလက်တွဲပြီးတော့ စွမ်းနိုင်သလောက်လုပ်နေခဲ့ကြတာကို မကြာခဏ သိနေရ၊ ကြားနေရတော့ အတော်လေးအားတက်မိပါတယ်။ မှန်ပါတယ်၊ လူငယ်တွေဆိုတာ ဒီလိုမျိုးတက်တက်ကြွကြွနဲ့ အတူတကွလက်တွဲပြီးတော့ အနာဂတ်ကြီးကို ထမ်းဆောင်ကြရမယ်၊ လက်ပြောင်းပြီးတော့ ထမ်းဆောင်ကြရမယ်။ မကြာခင်မှာ အစစအရာရာ မိမိတို့ရဲ့ လက်ထဲကို အလိုလိုနေရင်း ရောက်လာခဲ့ကြမှာဖြစ်ပါတယ်။ ဒါကြောင့် အခုကတည်းက တစ်ယောက်အားနဲ့မဟုတ်ဘဲ အများအားနဲ့ စုပေါင်းပြီးတော့ ထမ်းရွက်ကြဖို့ လိုအပ်ပါတယ်။ ဒါကြောင့် သူငယ်ချင်းစိတ်ဓာတ်မွေးကြဖို့ တိုက်တွန်းချင်ပါတယ်။

အထူးသဖြင့်တော့ ကောင်းမွန်တဲ့လုပ်ရပ်တွေကို လုပ်ဆောင်ကြတဲ့အခါ မမျှော်လင့်ဘဲ တစ်ခါတလေကျတော့လည်း လောကဓံဆိုးတွေဝင်ရောက်ပြီးတော့ တွန်းတိုက်မှုဒဏ်ကို ခံကြရပါလိမ့်မယ်။ ကောင်းတာလုပ်တဲ့အတွက် ဒီလိုမျိုး အဆိုးလောကဓံတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရင်လည်း အတူတကွလက်တွဲပြီးတော့ ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ လိုအပ်ပါတယ်။ တစ်ယောက်တည်း ထွက်ပေါက်အဖြစ် ရုန်းထွက်သွားတာမျိုး မလုပ်သင့်ပါဘူး။ ဒါဟာ သူငယ်ချင်းစိတ်ဓာတ် မဟုတ်ပါဘူး။ သူငယ်ချင်းဆိုတာ အထက်ကပြောခဲ့သလို အကောင်းနဲ့တွေ့ရင် အတူတကွကောင်းတာစံရမှာဖြစ်ပြီး၊ အဆိုးတွေနဲ့ တွေ့ခဲ့ရင်လည်း အတူတကွ ခံကြရမှာ ဖြစ်ပါတယ်။ နောက်ဆုံးကုန်အောင်ပြောရရင် လူငယ်ပီပီ မလုပ်သင့်တာကို လုပ်ခဲ့မိရင်တောင် အတူတကွ ရင်ဆိုင်ကျော်ဖြတ်ရဲတဲ့သတ္တိမျိုးကိုတော့ မွေးမြူထားရမှာ ဖြစ်ပါတယ်။ ဒါကတော့ နောက်ဆုံးစကားကို ပြောတာပါ။ အမှန်ကတော့ မကောင်းတဲ့လုပ်ရပ်တွေကိုတော့ ရှောင်ကြရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အဖြစ်အပျက်လေးတစ်ခုကို

ပြောပြလိုပါတယ်။

တစ်ခါက သူငယ်ချင်းနှစ်ယောက်ရှိတယ်။ အရမ်းကို ချစ်ချစ်ခင်ခင်ရှိလှတဲ့သူတွေပေါ့။ ဘယ်နေရာသွားသွား၊ ဘာလုပ်လုပ် အတူတူသွား၊ အတူတူလုပ်ပေါ့။ တစ်ယောက်က အရပ်ရှည်ရှည် ဖြူဖြူ၊ နောက်တစ်ယောက်က အရပ်ပုပု မည်းမည်း၊ ဒါကြောင့် သူတို့နာမည်ကိုလည်း မောင်ရှည် နဲ့ မောင်ပုလို့ ခေါ်ကြတယ်။

သူတို့က ဘယ်လိုကိစ္စမျိုးတွေကိုပဲဖြစ်ဖြစ် တစ်ယောက်ကသွားမယ် လုပ်မယ်ဆိုရင် နောက်တစ်ယောက်က နောက်ကနေလိုက်ဖို့ ဝန်မလေးဘူး။ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲ ဖြစ်ဖြစ်ပေါ့။ အဲဒီ လိုပဲ လူမှုရေးကိစ္စဖြစ်တဲ့ သာရေး၊ နာရေးတွေမှာလည်း အတူတကွ လက်တွဲပြီးတော့ ဆောင်ရွက်တတ်တယ်။ သူတို့ရဲ့ အတူတကွ လက်တွဲမှု၊ သူငယ်ချင်းပီသမှုတွေကို အခြားသူတွေကပါ အတုယူချင်စရာကောင်းလောက်အောင်ကို ချစ်ခင်ကြတာပေါ့။

တစ်နေ့တော့ ခါတိုင်းလိုပဲ မောင်ရှည်က သူသွားချင်တဲ့နေရာကို လိုက်ခဲ့ဖို့ မောင်ပုကို ခေါ်တယ်။ မောင်ပုက အဲဒီ နေရာတော့ မလိုက်ချင်ဘူးဆိုတာနဲ့ တစ်ယောက်နဲ့ တစ်ယောက် ခွန်းကြီးခွန်းငယ်ဖြစ်သွားခဲ့တယ်။

“မင်းက သူငယ်ချင်း အချင်းချင်း သစ္စာဖောက်တာပေါ့၊ မင်းအနေနဲ့ အရင်တုန်းက ဘယ်နေရာသွားသွား၊ ဘာလုပ်လုပ် မင်းခေါ်တိုင်း ငါလိုက်ခဲ့တယ်။ ခု ငါခေါ်တာကို မင်းက မလိုက်ဘူးဆိုတော့ သူငယ်ချင်းမပီသဘူး။ တော်ပြီ မင်းလိုကောင်နဲ့ ငါရေ့ဆက်ပြီး လက်မတွဲတော့ဘူး။ မင်းလဲ မင်းလမ်းလျှောက်၊ ငါလဲ ငါလမ်းလျှောက်မယ်။ ဒီနေ့ကစပြီး ငါတို့ လက်တွဲဖြုတ်မယ်” အဲဒီ လို မောင်ရှည်က မောင်ပုကို ပြောလိုက်တယ်။

“မဟုတ်ဘူး။ သူငယ်ချင်း မင်းပြောသလို ငါတို့ဘယ်နေရာသွားသွား၊ ဘာလုပ်လုပ် အတူတူပဲဆိုတာ ငါလက်ခံတယ်။ မင်းခေါ်တာကို ငါလိုက်တယ်။

ငါခေါ်တာကို မင်းလိုက်တယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ငါတို့ အတူရှိခဲ့တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် မင်းအခုသွား မယ့်နေရာကိုတော့ ငါ မလိုက်နိုင်ဘူး။ အဲဒီ နေရာမှတစ်ပါး ကြိုက်တဲ့နေရာသွား ငါလိုက်ပါ့မယ်၊ အဲဒီ နေရာကိုတော့ ငါမလိုက်ပါရစေနဲ့” လို့ မောင်ပုကလည်း တောင်းတောင်းပန်ပန်နဲ့ ပြန်ပြောပါတယ်။

“ဟေ့ကောင်၊ မင်းကို ငါ ပြောပြီးပြီ၊ မင်းနဲ့ ငါနဲ့ ဒီနေ့ကစပြီး လမ်းခွဲလိုက်ပြီ၊ မင်းလိုက်ချင်လိုက်၊ မလိုက်ချင်နေ၊ ငါတော့ သွားမယ်၊ အဲဒီ နေရာကို သွားဖို့ ဆုံးဖြတ်ပြီးပြီဆိုတော့ သွားကို သွားမယ်။ ဒါကြောင့် မင်းမလိုက်ချင်လည်း ပြန်တော့၊ နောက်ပြီး ငါ့ကိုလည်း ဘယ်တော့မှ သူငယ်ချင်းလို့ မသတ်မှတ်နဲ့တော့”

အဲဒီ လိုနဲ့ မောင်ပုလည်း ဖြစ်ချင်ရာဖြစ်၊ အတူတကွလက်တွဲခဲ့ပြီးမှ သူငယ်ချင်းအဖြစ်ကိုတော့ အဆုံးမခံနိုင်တာကြောင့် “ငါ လိုက်ခဲ့ပါမယ်” ဆိုပြီး မောင်ရှည်နောက်ကို လိုက်သွားခဲ့တယ်။

သူတို့သွားခဲ့တဲ့နေရာကတော့ ငွေရှိရင် တော်တော်များများလုပ်ချင်တာလုပ်လို့ ရနိုင်တဲ့ နေရာလေးပါပဲ။ အဲဒီ နေရာမှာ လောင်းကစားတွေက သိန်းချီပြီးတော့ လောင်းကစားတာတွေရှိသလို၊ အခြား အပျော်ကြူးချင်တဲ့သူတွေအတွက်လည်း ငွေရှိရင်တော့ ကြိုက်တာရွေးလို့ရတဲ့နေရာမျိုး၊ နောက်ဆုံး ဆေးခြောက်တောင် ရနိုင်တဲ့ နေရာလေးပေါ့။ အခြားလူတွေ သိပ်မသိကြပေမယ့် သူတို့အနေနဲ့ အဲဒီ နေရာကို သိနေခဲ့တာတော့ ကြာပါပြီ။ လူငယ်ပီပီ စပ်စုရင်း သိနေခဲ့တဲ့ နေရာလေးပေါ့။

အဲဒီ နေ့က တိုက်တိုက်ဆိုင်ဆိုင် သူတို့အားလုံး ရဲဖမ်းခြင်းကို ခံလိုက်ရတယ်။ သတင်းအရ လာဖမ်းသွားတဲ့ ရဲတွေနဲ့အတူ လက်ထိပ်ကိုယ်စီနဲ့ အတူပါသွားခဲ့တာပေါ့။ ဒီလိုနဲ့ အချုပ်ခန်းထဲရောက်တော့ မောင်ရှည်က သူမှားကြောင်း တောင်းပန်ပါတယ်။

“အေးကွာ၊ မင်းမှားတယ် မဟုတ်ပါဘူး။ ငါတို့ကံပေါ့၊

ဘယ်တတ်နိုင်မလဲ၊ ငါတို့ လုပ်ထားခဲ့တဲ့ ပြစ်မှုတစ်ခုပဲလေ၊ ငါတို့ အနေနဲ့ မလာသင့်တဲ့နေရာကို လာခဲ့မိလို့ အခုလို ဖြစ်ရတာ ။ ဒါပေမယ့် ဘာမှတွေးပြီး ပူမနေပါနဲ့၊ ပြန်လွတ်တဲ့နေ့ကစပြီး ဒီသင်ခန်းစာကို ယူပြီးတော့ နောက်ဆို ရှောင်ရှားသင့်တာ ရှောင်လို့ရပြီပေါ့။ ဘယ်တော့မှ ငါတို့ရဲ့ ချစ်ခြင်းကို ခွဲမသွားပါနဲ့လို့ ငါတောင်းဆိုပါတယ် သူငယ်ချင်း" ဆိုပြီး မောင်ပုအနေနဲ့ မောင်ရှည်ကို ဖြေသိမ့်တဲ့စကားတွေ ဖောင်ဖွဲ့ပြီး ပြောလိုက်ပါတယ်။

ဒီအဖြစ်အပျက်လေးဟာ သင်ခန်းစာတွေများစွာပေးပါလိမ့်မယ်။ ဒါဟာ တကယ့်ကို သူငယ်ချင်းစိတ်ဓာတ်ကို မီးမောင်းထိုးပြသွားတဲ့ အဖြစ်အပျက်လေးတစ်ခုပါပဲ။ သူတို့ဟာ တကယ့်ကို ကောင်းတဲ့လုပ်ရပ်တွေကို အတူတကွ လက်တွဲပြီးတော့ အကောင်အထည်ဖော်ခဲ့ကြသူတွေပါ။ ဒါပေမယ့် လူငယ်ပီပီ မသွားသင့်တဲ့ နေရာကို သွားခဲ့လို့ အဖြစ်ဆိုးနဲ့ မထင်မှတ်ဘဲ ရင်ဆိုင်လိုက်ရတာ ပါ။ မောင်ရှည်လို အတ္တမကြီးဖို့ လိုပါတယ်။ မောင်ပုလို သဘောထားကြီးဖို့ လိုအပ်ပါတယ်။ အတူတကွ ရင်ဆိုင်ပြီး အခမ္ဘတရားတွေကိုလည်း တွန်းဖယ်နိုင်ဖို့ လူငယ်တွေအနေနဲ့ သူငယ်ချင်းစိတ်ဓာတ်ကို မွေးမြူကြရမှာ ဖြစ်ပါတယ်။

**မောင်မင်းစိုး**

Vol.1,No.31,2014// THE MYANMAR REVIEW JOURNAL

*

## လူငယ်နဲ့ ပွင့်လင်းမြင်သာမှု

ပွင့်လင်းမြင်သာမှုဆိုတဲ့စကားနဲ့ ပတ်သက်ပြီးတော့ အခုတစ်လော အတော်လေးကြားနေခဲ့ရပါတယ်။ မှန်ပါတယ်။ နှစ်ပေါင်းများစွာ အမှောင်ဘဝနဲ့ ဖြတ်သန်းရှင်သန်လာခဲ့ရတဲ့ မိမိတို့နိုင်ငံအနေနဲ့ အခုမှ ပွင့်လင်းမှု၊မြင်သာမှုဆိုတဲ့ လမ်းကြောင်းပေါ်ကို အခြေချနိုင်ရုံပဲ ရှိပါသေးတယ်။ အာဏာရှင်စနစ်ဆိုးကြီးအောက်မှာ ဘာမှ မပွင့်လင်း၊ မမြင်သာခဲ့ဘဲ လူတွေကို ကြောက်စိတ်တွေနဲ့ ချည်နှောင်ခံထားခဲ့ရတယ်။ အရာရာဟာ အာဏာနဲ့ပဲဖိနှိပ်ချုပ်ချယ်ပြီးတော့ မောင်းနှင်သွားခဲ့တာ နှစ်ပေါင်း(၅၀)ကျော်လောက် ကြာသွားခဲ့ပါတယ်။ ဒါကြောင့် အစစအရာရာ ကြောက်စိတ်တွေနဲ့ နပန်းလုံးခဲ့ကြရရင်း အခုမှ ပွင့်လင်းမြင်သာမှုဆိုတဲ့ လမ်းကြောင်းပေါ်ကို သွားရောက်ဖို့ အစပျိုးချိန်လေးပဲ ရှိပါတယ်။

ဒါတွေကြောင့်ပဲ နှစ်ပေါင်းများစွာ ကမ္ဘာ့အလယ်မှာ အထီးကျန်နေထိုင်ခဲ့ကြရင်း လူထုလည်း နင်းပြားဘဝက မတက်နိုင်ခဲ့ပါဘူး။ ဆိုတော့ ဒီလို မပွင့်လင်း၊ မမြင်သာမှုတွေနဲ့ ခရီးသွားခဲ့ကြခြင်းရဲ့ ဆိုးမွေတွေလည်း အခုအချိန်ထိ ပြည်သူလူထုက ခံစားနေခဲ့ကြရတုန်းလို့ ဆိုရင်လည်း မှားမယ်မထင်ပါဘူး။ အမှန်က ပွင့်လင်းသင့်တာတွေကို ပွင့်ပွင့်လင်းလင်းချပြခဲ့ပြီးတော့ တကယ့်ကို ပညာရှိတွေကို ချီးမြှောက်ခဲ့မယ်။ လူမှုရေး၊ ပညာရေး၊ စီးပွားရေး စတဲ့ အရေးတွေမှာလည်း ပွင့်လင်းခဲ့မယ်ဆိုရင် အရှေ့တောင်အာရှရဲ့ ကျားတစ်ကောင်အဖြစ် မားမားမတ်မတ်ရပ်တည် နိုင်ခဲ့မယ်လို့ ထင်ပါတယ်။ အခုတော့ ဓားမနှောက်ပိတ်ခွေးပါပဲ။ ဘာမှ အခုအထိ

ဖြစ်လာတာမျိုးထိ မရှိသေးပါဘူး။

တကယ့်ကို တိုင်းပြည်နဲ့လူမျိုးကို ချစ်မယ်၊ ညာတာမယ်၊ အောင်မြင်မှုတွေဆီကို တွန်းပို့ချင်ခဲ့တယ်ဆိုရင် လူသားဆန်တဲ့ အပြုအမူတွေနဲ့ အစစအရာရာ ချပြခဲ့မယ်ဆိုရင် ဒီလောက်ထိ အချိန်တွေလည်း ပေးဆပ်ရမှာ မဟုတ်ပါဘူး။ တစ်ခုရှိတာပေါ့။ တကယ့်ကို သူတော်ကောင်းစိတ်နဲ့ ပွင့်ပွင့်လင်းလင်း ချပြစရာမလိုခဲ့တာတွေကို အထက်ခေါင်းဆောင်တွေအနေနဲ့ တိုင်းပြည်နဲ့ လူမျိုးအတွက် ချပြတာထက်၊ ချမပြတာက ပိုပြီးကောင်းမွန်တဲ့ အခြေအနေမျိုးတွေရှိခဲ့လို့ ချပြမှုမလုပ်ခဲ့ရင်လည်း အားလုံးက ခွင့်လွှတ်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပုံပြင်လေး တစ်ပုဒ်လောက် ပြောပြချင်ပါတယ်။

တစ်ခါက ဂျာမိန်းဆိုတဲ့ သူတော်စင်တစ်ယောက်ရှိခဲ့ဘူးတယ်။ သူ့အနေနဲ့ ထူးခြားချက်ကတော့ ဆေးပညာမှာ တစ်ဖက်ကမ်းခတ် တတ်ကျွမ်းတယ်။ ဒါကြောင့် သူရောက်တဲ့နေရာတိုင်းလိုလို ဆေးကုသမှုတွေ လုပ်ပေးလေ့ရှိတယ်။ တစ်နေ့တော့ သူဟာ တပည့်တစ်ယောက်ကို နောက်ပါအဖြစ်ခေါ်သွားရင်း ကျေးလက်ဇနပုဒ်တစ်ခုကို ခရီးသွားခဲ့တယ်။ ဒီလိုနဲ့ ရွာကလေးတစ်ရွာကို ရောက်ရှိခဲ့တယ်။ သူတော်စင်ကြီး ဂျာမိန်းတစ်ယောက် ရောက်ရှိလာခဲ့တယ်ဆိုတာ တစ်ရွာလုံးလိုလို ပြန့်နှံ့သွားတယ်။ ဒါကြောင့် ဆေးဆရာကြီးလည်းဖြစ်တော့ သူလာတုန်းရောဂါခံစားနေရတဲ့ ဝေဒနာရှင်တွေဟာ ကုသ၊ ပြသချင် ကြတယ်ပေါ့၊ ဒါကြောင့် အိမ်တစ်အိမ်က လူနာရှင်တစ်ယောက်က ဂျာမိန်းထံကို ရောက်ရှိလာပါတယ်။ ဒီမှာနေစဉ် သူ့အိမ်မှာပဲ အေးအေးလူလူ တည်းခိုနေထိုင်ဖို့နဲ့ အိမ်မှာရှိတဲ့ လူနာကိုလည်း ဆေးကုသပေးဖို့ ဖိတ်ကြားလိုက်ပါတယ်။

အိမ်ရောက်သွားတော့ လူနာဟာ အချိန်ပြည့် နာကျင်လှတဲ့ဝေဒနာကြောင့် ညည်းညူနေရတာ ကို တွေ့လိုက်တယ်။ ဒီလိုနဲ့ သူတော်စင်ဂျာမိန်းဟာ အိမ်မှာရှိတဲ့ လူနာရှင်တွေနဲ့ အပေးအယူတစ်ခုလုပ်ပြီး ကုသဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

"တကယ်လို့ လူနာကို ပျောက်အောင် ကုသနိုင်ခဲ့တယ်ဆိုရင်တော့ ကျုပ်အနေနဲ့ လူနာကို နောက်ပါတပည့်အဖြစ် ခေါ်သွားခွင့်ပြုပါ။ မပျောက်ရင်တော့ ကျုပ်ကို ခင်ဗျားတို့ ပိုင်ပါတယ်။ လုပ်ချင်သလို လုပ်နိုင်ပါတယ်။ နောက်ဆုံး အသက်ကိုပါ နုတ်ယူမယ်ဆိုရင်လည်း နုတ်ယူနိုင်ပါတယ်။" အဲဒီ လို ကတိတစ်ခု ပြုလိုက်ပါတယ်။

ဒီလိုနဲ့ သူတော်စင်ဆေးဆရာကြီး ဂျာမိန်းဟာ အသင့်ပါလာတဲ့ဆေးကို ဖျော်တိုက်လိုက်ပါတယ်။ လူနာဟာ ညည်းညူမြဲပါပဲ။ ဒုတိယနေ့ရောက်တော့ လူနာကို နောက်ထပ်ဆေးတစ်ခွက် တိုက်လိုက်ပါတယ်။ မကြာခင်မှာပဲ လူနာဟာ အသက်ဆုံးသွားခဲ့ပါတယ်။

ဒီလိုနဲ့ လူနာရှင်တွေနဲ့ ကတိပြုခဲ့တဲ့အတိုင်း သူ့ပေးဆပ်ဖို့ ပြင်လိုက်ပါတယ်။ လူနာရှင်တွေကလည်း ဒီလောက် ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းလှတယ်ဆိုတဲ့ သူတော်စင်ဆေးဆရာကြီး ဂျာမိန်းကို နည်းနည်းမှ မကျေနပ်ပါဘူး။ ဒါကြောင့် ကတိအတိုင်း ကျေးရွာမှာရှိတဲ့ လူကြီးတွေနဲ့ တိုင်ပင်ပြီးတော့ ရွာအပြင်ထုတ်ပြီး သူတော်စင်ကြီးကို သတ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

"ဟုတ်ပြီလေ၊ ကျုပ်ပေးထားတဲ့ ကတိအတိုင်း ကျုပ်ကို ခင်ဗျားတို့ ကြိုက်နှစ်သက်သလို စီမံနိုင်ပါတယ်။ ဒါပေမယ့် ကျုပ်ကို မသတ်ခင်တော့ စကားတစ်ခွန်းလောက်တော့ ပြောခဲ့ပါရစေ၊ အမှန်က ခင်ဗျားတို့ရဲ့ လူနာကိုကုသလို့ မရဘူးဆိုတာ ကျုပ်သိတာပေါ့၊ ရောဂါကျွမ်းနေပြီဖြစ်တဲ့ လူနာဟာ ဝေဒနာကို ဒီလောက်ခံစားနေရတာ ကို ကျုပ်ကတော့ ဆက်ပြီး မကြည့်ရက်ဘူးဗျ၊ ဒါကြောင့် ကျုပ်အသင့်ပါလာတဲ့ ဆေးတစ်ခွက်ကို ဖျော်တိုက်လိုက်တာပါ၊ အခုတော့ သူထွက်သွားပါပြီ။ ကောင်းကင်ဘုံမှာ သူ ရောက်နေလောက်ပါပြီ မကြာခင် ကျုပ်လည်း သူ့ဆီကို သွားပါတော့မယ်" အဲဒီ လိုနဲ့ သူတော်စင်ကြီး ဂျာမိန်းကို လူနာရှင်တွေက ရွာအပြင်ထုတ်ပြီး အဆုံးစီရင်လိုက်ကြပါတော့တယ်။

ဒီပုံပြင်လေးကိုဖတ်ပြီး ဘာပြောချင်လဲ။ သူတော်စင်ကြီးကို ဘယ်လိုမြင်သလဲ။ နောက် လူနာရှင်တွေအပေါ် ဘယ်လိုမြင်လဲ။ သူတော်စင်ကြီးရဲ့ နေရာမှာ ကိုယ်တိုင်ဆိုရင်ရော ဘယ်လိုသဘောထားမလဲ။ နောက်ပြီးတော့ သူတော်စင်ကြီးဟာ မပွင့်လင်းဘူးလား၊ ဘာဖြစ်လို့ အစကတည်းက မရတော့ဘူးဆိုတာ ဖွင့်မပြောရတာ လဲ၊ ဖွင့်ပြောသင့်သလား။ သေချာတာကတော့ သူတော်စင်ကြီးဟာ မိမိရဲ့အသက်နဲ့ ထပ်တူထပ်မျှ တစ်ပါးသူရဲ့ဝေဒနာတွေကို မျှဝေခံစားသွားခဲ့တယ်။ အဲဒါ တန်သလား။ နောက် သူ့ဆုံးဖြတ်ချက် မှန်သလား။ မမှန်ဘူးလား စတဲ့ မေးခွန်းတွေကို စဉ်းစားကြည့်စေချင်ပါတယ်။

ဆိုတော့ ဒီပုံပြင်လေးကို ပြန်လည်ပြီးတော့ စစ်တမ်းထုတ်ကြည့်ချင်ပါတယ်။ မှန်ပါတယ်။ ဒီကိစ္စမှာ သူတော်စင်ကြီးဟာ မပွင့်လင်းပါဘူး။ အဲဒီ လို မပွင့်လင်းလို့လဲ သူ့အသက်ပါ စတေးခံလိုက်ရခြင်းပါပဲ။ အမှန်တိုင်းပြောပြီးတော့ ကုလို့ ရပါတယ်။ ဒါဆို ဘာဖြစ်လို့ အမှန်တိုင်း မပွင့်မလင်းဘဲ လုပ်ဆောင်လိုက်တာလဲ ဆိုတော့ သူ့အနေနဲ့ ပွင့်လင်းမှုကြောင့် လောလောဆယ်မှာ လူနာရှင်တွေအနေနဲ့ စိတ်ဆင်းရဲမယ်။ ဒါကို သူမလိုချင်ဘူး။ ဆိုတော့ အများအတွက် လောလောဆယ် ဆင်းရဲတာကို မလိုချင်တဲ့ စိတ်ကောင်းလေးနဲ့ပဲ သူ့အသက်ကိုလဲလိုက်ခြင်းပါပဲ။ ဒါကြောင့် ဒီလို မပွင့်လင်းမှုဟာ အများအတွက်ဖြစ်တာကြောင့် လက်ခံလို့ ရမယ့် အနေအထားဖြစ်ပါတယ်။

တစ်ဘက်က ပြန်လည်ပြီးတော့ စဉ်းစားသင့်ပါတယ်။ အမှန်က လူနာရှင်တွေအနေနဲ့ အာဃာတမထားဘဲ၊ သူ့အသက်ကိုသတ်တဲ့အနေအထားထိ မလုပ်ဘဲ နောက်ဆုံး ရွာကနှင်ထုတ်လိုက်တာမျိုးလောက်ဆိုရင်ရော မဖြစ်ဘူးလား။ ဘာဖြစ်လို့ အကျိုး အကြောင်း ခိုင်လုံအောင် ရှင်းပြတဲ့ မိမိအသက်ကိုတောင် အစကတည်း အများအတွက် စတေးရဲတဲ့ လူတစ်ယောက်ကို သတ်ပစ်ချင်ရတာ လဲ။ မသတ်ဘဲ နေလို့မရဘူးလား။

တကယ်တော့ အားလုံးကို ပွင့်ပွင့်လင်းလင်းနဲ့လုပ်ခဲ့ရင် ပြဿနာတွေက ဒီလောက်ထိ ကြီးကျယ်လာနိုင်စရာ မရှိပါဘူး။ သူတော်စင်ကြီးအနေနဲ့လည်း ပွင့်လင်းစွာပြောဆိုပြီးတော့ မရတဲ့အကြောင်း အစကတည်းကရှင်းပြလိုက်မယ်ဆိုရင်လည်း ဖြစ်နိုင်တာပဲ မဟုတ်လား။ ဒါပေမယ့် အများအတွက် ငဲ့ပြီးတော့ မပွင့်လင်းတာဆိုတော့ လက်ခံရမယ်လို့ ထင်ပါတယ်။ သို့သော်လည်း ပွင့်လင်းစွာနဲ့ ချပြမယ်ဆိုရင် မိမိအသက်လဲ မသေဘဲ အခြားအခြားလူနာတွေအတွက် မိမိပညာရပ်နဲ့ ဆက်လက်ရပ်တည်ပြီးတော့ ကုသပေးမယ်ဆိုရင်လည်း ဖြစ်တာပဲ မဟုတ်လား။

ဒါကြောင့် လူငယ်တွေအနေနဲ့ အစစအရာရာ ပွင့်ပွင့်လင်းလင်းချီတက်နိုင်ဖို့ အခုကတည်းက ပြင်ဆင်ထားရပါမယ်။ နောက်ပြီးတော့ မပွင့်လင်းတဲ့ အခြေအနေမျိုးတွေတွေ့ရင်လည်း ရဲဝံ့စွာထုတ်ဖော်ပြသနိုင်ဖို့ လိုအပ်ပါတယ်။ အခုအချိန်ထိ မပွင့်လင်းမှုတွေကတော့ တစ်နေ့တစ်မျိုး မရိုးနိုင်အောင် သိနေ၊ ကြားနေခဲ့ပါလိမ့်မယ်။ ဒါကြောင့် ဒီလို မပွင့်လင်းဘူးဆိုရင် ရှေ့ဆက်ရမယ့် အနာဂတ်ခရီးဟာလည်း ဝေဝါးနေပါလိမ့်မယ်လို့ ပြောပြလိုပါတယ်။

**မောင်မင်းစိုး**

Vol.1,No.29,2014// THE MYANMAR REVIEW JOURNAL

*

## လူငယ်နဲ့ အပေးအယူ

ဟိုတစ်လောလေးက လူငယ်တစ်ယောက်နဲ့ စကားပြောဖြစ်တယ်။ စကားတွေကတော့ အများကြီးပါပဲ။ ဒါပေမယ့် အဲဒီ အများကြီးထဲက သူပြောသွားတာလေးက အတော်လေးကို အတုယူရမယ့် စကားလေးဖြစ်နေတော့ ပြန်လည်ပြီးတော့ မျှဝေလိုက်ပါတယ်။ သူ့စကားလုံးကနေပဲ ဒီဆောင်းပါးလေးကိုလည်း အပေးအယူလို့ နာမည်တပ်လိုက်ပါတယ်။

အကြောင်းအရာကတော့ ပန်းချီကားတစ်ကားကို သူကိုယ်တိုင်ဆွဲထားပြီးတော့ အမြတ်တနိုးသိမ်းထားခဲ့တယ်။ အခု တကယ်လိုချင်တယ်ဆိုရင် သူပေးမယ်။ ဒါပေမယ့် ဒီပန်းချီကားလေးကို သူအမြတ်တနိုးထားပါတယ်တဲ့။ ဘာဖြစ်လို့ပေးချင်တာလဲဆိုတော့ ပေးလိုက်လို့ ယူတဲ့လူက တမြတ်တနိုးထားရင် အဲဒီ အတွက် ရလိုက်တဲ့ စိတ်ကျေနပ်မှု၊ ပျော်ရွှင်မှု၊ ဂမ်းသာပီတိလေးကို သူခံစားချင်လို့ပါတဲ့။ ဒါနဲ့ ပတ်သက်ပြီးတော့ သူ့ကို အခြားလူတစ်ယောက်က ပြောခဲ့ဖူးတဲ့ စကားလေးနဲ့ အကြောင်းအရာလေးကို သူက ပြောပြခဲ့တယ်။ အခု အဲဒါလေးကိုလည်း ပြန်လည်ပြီးတော့ ပြောပြချင်ပါတယ်။

သူ့ရဲ့အမေလိုခင်မင်ရသူတစ်ယောက်က ငွေထုတ်ပေးပြီးတော့ ပန်းချီနဲ့ဆိုင်ရာ ဆေးတွေ၊ စုတ်တံတွေကို သူ့တူလေးအတွက်ဆိုပြီး ပြောကာ ဝယ်ခိုင်းလိုက်တယ်။ အဲဒါနဲ့ သူလည်း မြို့ထဲသွားဝယ်ပြီးတော့ အဲဒီ ပစ္စည်းတွေကို သွားပေးခဲ့တယ်။ ဟိုရောက်တော့ အဝယ်ခိုင်းတဲ့လူက လက်မခံဘူးတဲ့။ အဲဒါ နင့်အတွက်ဆိုပြီး ပြန်ပေးလိုက်တယ်တဲ့။ အမှန်ကတော့ ပန်းချီဝါသနာပါပါလျက်နဲ့ ဆက်ပြီးမလုပ်ဘဲ ဒီအတိုင်းနေနေခဲ့တဲ့သူ့အတွက် ပြန်လည်ပြီးတော့

ရေးဆွဲစေလိုတာကြောင့် အခုလိုတစ်ဘက်လှည့်နဲ့ အဝယ်ခိုင်းလိုက်တာ ဖြစ်ပါတယ်။

“တကယ်တော့ အခုလို ပေးလိုက်ရတာ ကြောင့် လက်ခံသူသာရတယ်လို့မထင်ပါနဲ့။ ပေးသူအနေနဲ့လည်း ပျော်ရွှင်မှုတွေကို ရတယ်။ ဒါကြောင့် ပေးသူပျော်ရွှင်ဖို့အတွက် လက်ခံသူက လက်ခံပေးတယ်လို့ သဘောထားပေးပါ” အဲဒီ စကားလေးကို သူ့အမေလိုဖြစ်နေတဲ့ ပေးသူက ပြောလိုက်တယ်တဲ့။

မှန်ပါတယ်။ တကယ်တမ်းကျတော့ ပေးသူဟာ ယူသူပါပဲ။ သူပေးလိုက်တဲ့ ပစ္စည်းလေးကို တဘက်လူက တကယ့်ကို ကြည်ကြည်နူးနူးလက်ခံလိုက်ရင် အဲဒီ အပျော်ဟာလည်း ပေးသူအနေနဲ့ ထပ်မံပြီးတော့ ကြည်နူးမှုဆိုတဲ့ ပျော်ရွှင်ခြင်းတွေ ရလိုက်တာပါပဲ။ တရားသဘောနဲ့ ကြည့်ရင်လည်း ဒါဟာ လိုအပ်တဲ့နေရာကို ကူညီလိုက်တဲ့ အတွက် ကုသိုလ်ပါပဲ။ ဒီကုသိုလ်ဟာ ပေးသူအနေနဲ့ ရရှိသွားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ပေးသူဟာလည်း သံသရာအတွက် ကုသိုလ်ကောင်းမှုဆိုတဲ့ ရိက္ခာထုပ်ကို ယူသွားသူဖြစ်ပါတယ်။

နိုင်ငံနဲ့အဂ္ဂမ်းမှာလည်း လိုအပ်တဲ့နေရာတွေ၊ လိုအပ်သူတွေ များပြားစွာ ရှိနေခဲ့ပါလိမ့်မယ်။ ဆိုတော့ ကိုယ်စွမ်းနိုင်တဲ့ဘက်ကနေ မျှဝေကြဖို့ လိုအပ်ပါတယ်။ သဘာဝဘေးအန္တရာယ်တွေ ကျရောက်ပြီးတော့ တစ်နေရာပြီးတစ်နေရာ ရန်သူမျိုး(၅)ပါးနဲ့ ရင်ဆိုင်နေကြရတဲ့ လူတွေဟာလည်း အရမ်းပဲ များပြားလှပါတယ်။ ဒါကြောင့် ဒီလိုရန်သူမျိုးတွေမှာလည်း ကိုယ့်စွမ်းဆောင်နိုင်တဲ့ ဘက်ကနေ လိုအပ်သူတွေကို ကူညီပံ့ပိုးပေးရပါလိမ့်မယ်။

လိုအပ်သူတွေကတော့ သူတို့လိုအပ်တာတွေကို တောင်းကြမှာပါပေ့ါ။ ဒါကို ပေးရမယ့်သူတွေကလည်း ပေးနိုင်အောင်စီစဉ်ဆောင်ရွက်ရမယ်ပေ့ါ။ ဥပမာ တိုင်းပြည်တိုင်းလိုလိုမှာ လည်း လူတွေအလွှာအသီးသီးပါပဲ လမ်းတွေပေါ်ကို တက်နေခဲ့ကြတယ်။ လက်ထဲမှာ ဆိုင်းဘုတ်တွေကို ကိုင်ဆောင်ပြီးတော့ သူတို့လိုအပ်တာတွေကို တာဝန်ရှိသူတွေက ပေးဖို့အတွက် ဆန္ဒပြပြီးတော့

တောင်းဆိုနေခဲ့ကြတာပါပဲ။ ဒါဟာ မိမိတိုင်းပြည်မှာပဲလားဆိုတာ မဟုတ်ပါဘူး။ ကမ္ဘာနဲ့ အဝှမ်းပါပဲ။

ကျောင်းသားတွေက ပညာရေးနဲ့ပတ်သတ်တာတွေ တောင်းဆိုကြမယ်၊ တောင်သူတွေက လယ်ယာမြေသိမ်းခံရမှုနဲ့ ပတ်သက်တာတွေ တောင်းမယ်။ ဘာသာရေးခေါင်းဆောင်တွေကလည်း ကိုးကွယ်မှုအကြောင်းအရာနဲ့ ပတ်သတ်တာတွေ တောင်းမယ်။ လူတွေကလည်း နိစ္စဓူဝ ရှင်သန်ဖြတ်သန်းနေရတဲ့ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ စီးပွားရေးစတဲ့ လိုအပ်တဲ့အရေးကိစ္စတွေကို တောင်းဆိုနေခဲ့ကြတယ်။ ဆိုတော့ ဒါတွေဟာ ပေးသူရှိမှ၊ တာဝန်ရှိသူပေးမှရမှာဖြစ်တဲ့အတွက် အများသိအောင် တိုးတိုးတိတ်တိတ်တောင်းဆိုနေတာမျိုး မဟုတ်ဘဲ တစ်တိုင်းပြည်လုံးသိအောင် လမ်းပေါ်ထွက်ပြီးတော့ တောင်းဆိုနေခဲ့ခြင်း ဖြစ်ပါတယ်။ ဒါတွေကို တာဝန်ရှိသူတွေအနေနဲ့ အလိုက်တသိပေးမှသာ ပြေလည်နိုင်မယ့် အနေအထားတွေ ဖြစ်ပါတယ်။

လူငယ်တစ်ယောက်က ပြောဖူးတယ်။ တကယ်တော့ မိမိတို့နိုင်ငံက ခေါင်းဆောင်အဆက်ဆက်ဟာ ပြည်သူတွေကို ဘယ်လို ညှင်းဆဲပြီးတော့ ဗိုလ်ကျစိုးမိုး သိမ်းပိုက်ကာ မတန်တရာဈေးတွေနဲ့ တင်ပြီးတော့ ပြည်သူတွေထံက ဘယ်လိုခေါင်းပုံဖြတ်ပြီး ပြည်သူတွေကို စိတ်ဆင်းရဲအောင် လုပ်ရမလဲဆိုတာပဲ စဉ်းစားတယ်တဲ့။ အခြားတိုင်းပြည်က ခေါင်းဆောင်တွေကျတော့ အဲဒီ လိုမဟုတ်ဘဲ ပြည်သူတွေကို ဘယ်လိုလုပ်ပေးရမယ်ဆိုတာနဲ့ ပြည်သူတွေပျော်ရွှင်အောင်၊ စိတ်ချမ်းသာအောင်ကို စဉ်းစားပြီးတော့ လိုအပ်ချက်တွေကို ဆောင်ရွက်ပေးလေ့ရှိတယ်တဲ့။

ဆိုတော့ သူ့စကားအတိုင်းဆိုရင် မိမိတို့နိုင်ငံရဲ့ ခေါင်းဆောင်အဆက်ဆက်က မပေးဘဲနဲ့ အတင်းအဓမ္မ သိမ်းပိုက်ပြီးတော့ ခေါင်းပုံဖြတ်ပြီး ယူသူအဖြစ် သတ်မှတ်ရမှာဖြစ်ပါတယ်။ ပြည်သူတွေကတော့

တရားသည်၊ မတရားသည်ဖြစ်စေ၊ ပေးချင်သည်၊ မပေးချင်သည်ဖြစ်စေ အစိုးရနဲ့ လက်ဝါးကြီးအုပ်မှုကိုသိသိကြီးနဲ့ မရှောင်နိုင်တော့ ပေးသူအဖြစ်ကနေပဲ ရှိနေခဲ့တယ်။ အမှန်ကတော့ ပေးသူအနေနဲ့ ကြည်ကြည်ဖြူဖြူပေးလိုက်ရမှာသာ ဒီပေးခြင်းရဲ့အကျိုးတရားဖြစ်တဲ့ စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှုဆိုတဲ့ ကုသိုလ်ပီတိကို ရရှိပြီးတော့ ယူသူဖြစ်ပါလိမ့်မယ်။ ဥပမာတစ်ခုပြောပြပါမယ်။ ဆက်သွယ်ရေးအတွက် ဖုန်းဆင်းကတ်တွေကို ဈေးတွေအဆမတန်တင်ပြီးတော့ ထောင်တန်ကို သိန်းပေါင်းများစွာတင်ပြီးတော့ မတန်တဆဈေးတွေနဲ့ လက်ဝါးကြီးအုပ်ခဲ့တာမျိုး၊ ထိုနည်းတူစွာ ကားတွေကိုလည်း ပါမစ်ဆိုတာလေးနဲ့ အဆမတန်တင်သွင်းပြီးတော့ လက်ဝါးကြီးအုပ် ဝါးမြိုခဲ့တာတွေစသဖြင့် ပြောရရင် ကုန်နိုင်ဖွယ်တောင်ရှိမယ် မထင်ပါဘူး။ အခုလည်း ဆက်သွယ်ရေးမှာ အခြားပြည်ပက ဝင်ရောက်လာတဲ့ ကုမ္ပဏီတွေနဲ့ တန်းတူမဟုတ်ဘဲ ရသလောက် မျိုဆို့နေချင်တာတွေဟာ စိတ်ပျက်စရာကောင်းလောက်အောင် ရှိနေခဲ့ပါတယ်။ ဒါတွေဟာ ယူသူပါပဲ။ ဒါပေမယ့် သူတို့ယူသွားတာတွေက ပြည်သူတွေရဲ့ မျက်ရည်တွေ၊ သွေးတွေ၊ ချွေးတွေပါပဲ။ ဒီကနေတဆင့် ပြည်သူကပေးလိုက်တဲ့ ချဉ်ဖတ်ဆိုတာတွေ၊ ဆဲရေးမှုတွေ၊ ကဲ့ရဲ့မှုတွေ၊ ရှုပ်ချမှုတွေဆိုတဲ့ မကောင်းမှုတွေကိုဘဲ သူတို့ ယူသွားရတာ ဖြစ်ပါတယ်။

ဆိုတော့ လူငယ်တွေအနေနဲ့ ပေးသူအဖြစ်ကိုရှိနေစေချင်ပါတယ်။ ပေးသူဟာလည်း အထက်ကပြောခဲ့သလို ယူသူပါပဲ။ အဲဒီ လို ယူတဲ့အခါမှာ အခြားပတ်ဝန်းကျင်အတွက် ဘာလုပ်ပေးနိုင်မလဲ။ ဘာလိုအပ်နေတာလဲဆိုတာမျိုးကို သိအောင်လုပ်ပြီးတော့ သူတို့လိုအပ်တာတွေကို ဖြည့်ဆီးဆောင်ရွက်ပေးပြီးတော့ ကောင်းမွန်တဲ့ပေးသူမှ ယူသူဖြစ်အောင် ကြိုးစားစေချင်ပါတယ်။

အထက်မှာပြောခဲ့သလိုပါပဲ လိုအပ်မှုတွေကတော့ နေရာအနှံ့အပြားမှာ ရှိနေခဲ့ပါတယ်။ ကိုယ်ဘာပေးနိုင်မလဲဆိုတာကိုပဲ စဉ်းစားပြီးတော့

ဖြည့်ဆီးပေးဖို့ပါပဲ။ အသိဉာဏ်နဲ့ပေးနိုင်သူတွေက အသိဉာဏ်ဆိုတဲ့ ဉာဏအားကို ပေးနိုင်ရမယ်။ အခြား ကိုယ့်ရှိတဲ့ ပစ္စည်းဝတ္ထုလေးတွေ၊ ခန္ဓာကိုယ်ကို အသုံးချပြီးတော့ ကူညီပေးနိုင်တဲ့လူကတော့ ခွန်အားတွေနဲ့ ဖြည့်ဆီးပေးနိုင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေဟာ ဒီအားနှစ်ရပ်ကို ကိုယ်တိုင်တည်ဆောက်ထားပြီးတော့ မငြီးမငြူဘဲ ကိုယ်စွမ်းဆောင်နိုင်တဲ့ဘက်ကနေ ကူညီပေးနိုင်ဖို့ တိုက်တွန်းချင်ပါတယ်။

တစ်ခါက ကလေးတစ်ယောက်က မိမိတို့ ဘေးနားကအိမ်မှာရှိတဲ့ အမျိုးသမီးကြီးတစ်ယောက် မိသားစုတွေ တစ်ယောက်ပြီးတစ်ယောက် ဆုံးသွားတော့ အမြဲတမ်းလိုလို ငိုနေခဲ့တယ်တဲ့။ အဲဒါကို သိတော့ ကလေးဟာ ခြံစည်းရိုးပေါက်ကနေ အဲဒီ အိမ်ကို ဝင်ရောက်ပြီးတော့ အဲဒီ အမျိုးသမီးကြီးရဲ့ ရင်ခွင်ထဲကို သွားသွားပြီးတော့ နေခဲ့တယ်တဲ့။ တစ်ရက်လည်းမဟုတ်တော့ အမေဖြစ်သူက သတိထားပြီး သူ့သားကို ဘာဖြစ်လို့ အဲဒီ အိမ်ကို သွားသွားနေရတာ လဲဆိုတာကို မေးမြန်းရတာ ပေါ့။

“အမေကလဲ၊ အဒေါ်ကြီးက သူ့မိသားစုဝင်တွေ တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားလို့ ရင်ထဲမကောင်းဖြစ်ပြီးတော့ တမ်းတမ်းတတနဲ့ နေ့တိုင်းလိုလို သတိရအမှတ်ရပြီးတော့ ငိုကြွေးနေတာကို သားတော့ မကြည့်ရက်ဘူး၊ အဲဒါကြောင့် သူငိုနေတာကို သားက ကူညီတဲ့အနေနဲ့ သူ့ရင်ခွင်ထဲ သွားသွားပြီး နေပေးတာပေါ့” တဲ့။

ဒီလိုပါပဲ။ နေရာတကာမှာ လိုအပ်မှုတွေ၊ လိုအပ်နေတဲ့ လူတွေကတော့ များပြားစွာ ရှိနေခဲ့ပါလိမ့်မယ်။ ကိုယ့်အနေနဲ့ ပေးသူဟာယူသူဖြစ်တယ်ဆိုတာ သိအောင်လုပ်ပြီးတော့ ပေးနိုင်သူတွေဖြစ်အောင် ကြိုးစားကြပါလို့ ထပ်မံတိုက်တွန်းလိုက်ပါတယ်။ ။

**မောင်မင်းစိုး**

*